www.burmeseclassic.com

# အမေဆိုတာ မေတ္တာပင်လယ်

ဖြိုးသာရ



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမေဆိုတာ
# မေတ္တာပင်လယ်

## ဖြိုးသာရ

ဖြန့်ချိရေး – မြတ်ပန်းရုံစာပေ
အမှတ်(၁၉၄)၊ ၂၉–လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉၅၁၃၉၄၅၀၊ ၀၉၅၁၁၅၇၄၃

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ✤ ၄၀၀၄၆၁၉၀၄၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ✤ ၄၀၀၆၃၅၀၆၀၈
ဒုတိယအကြိမ် ✤ ၂၀၀၈–ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ ✤ ၁၀၀၀
အဖုံးပန်းချီ ✤ ဝင်းနိုင်(A-7)
ကွန်ပျူတာစာစီ ✤ နန်းဦးလတ် ကွန်ပျူတာ
တိုက်–၁၇၊ အခန်း–၀၀၅
တညင်းကုန်းဝန်ထမ်းအိမ်ရာ
မြတ်အိမ်ရာလမ်းသွယ်(၂)
ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်

**ထုတ်ဝေသူ**
ဦးခင်မောင်ဦး(မြ–၀၄၀၇၃)
၄၇၃(က)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့်အတွင်းစာပုံနှိပ်သူ**
ဦးအောင်မြင့်သိန်း(မြ–၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်–၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး – ၂၅၀ိ/–**

## မာတိကာ

❖ **နိဒါန်းအမှာ** ၇
၁။ မွေးကင်းစ စက္ကန့်မိနစ်များဆီသို့ ၉
၂။ ငယ်ဘဝရဲ့ ရင်ခုန်သံများ ၁၃
၃။ မြင်တတ်ပါစေ ၁၇
၄။ မျှော်လင့်ချက်လက်ဆောင် ၂၀
၅။ မိခင်အားကိုး ၂၅
၆။ မမြင်ရသောအင်အားများ ၂၉
၇။ သားသမီးရဲ့အားငယ်စိတ် ၃၃
၈။ မျှဝေခံစားတတ်သူ ၃၇
၉။ သားစိတ် သမီးစိတ် ၄၁
၁၀။ မိခင်ကို ပြန်သင်ပါ ၄၄
၁၁။ ရလာခဲ့တဲ့ သံယောဇဉ် ၄၈
၁၂။ တမ်းတခြင်း ၅၂
၁၃။ သိပေမယ့်လည်း မိသလို ၅၅
၁၄။ သားကြီးတော့ အား ၅၉
၁၅။ အမေ့အိမ်မဟုတ်ရင် ၆၃

www.burmeseclassic.com

www.burmeseclassic.com


၁၆။ စိတ်ချင်းဆက်သွယ်မှု ၆၇
၁၇။ လွှမ်းမိုးမှု ၇၁
၁၈။ နေရာမရတဲ့အခါ ၇၅
၁၉။ အပြစ်တင်ခံရတဲ့မိခင် ၇၉
၂၀။ မိခင်ရဲ့အတ္တ ၈၃
၂၁။ သာတူညီမျှမေတ္တာ ၈၇
၂၂။ ပူပန်စိတ် ၉၁
၂၃။ မြေပေါ်နားတဲ့ရွှေကျေး ၉၅
၂၄။ ဦးစားပေးခြင်း ၉၉
၂၅။ မခွဲနိုင် မခွာရက် ၁၀၃
၂၆။ အယူအဆမတူကြတဲ့မိဘ ၁၀၇
၂၇။ အကြောက်တရား ၁၁၁
၂၈။ အမေ့နာမည် ၁၁၅
၂၉။ အမေ့ဒေါသ ၁၁၉
၃၀။ ရင်ခွင်ပုခက် နို့ရည်စက်များနဲ့ လူသားပြယုဂ်အမေ ၁၂၃




# နိဒါန်းအမှာ

သမီးတွေ၊ သားတွေရဲ့ မိခင်တစ်ယောက်ဘဝဟာ သံယောဇဉ်၊ အကြင်နာ၊ မေတ္တာဆိုတဲ့ ကြိုးမျှင်များစွာနဲ့ ရစ်ပတ် နွယ်ယှက်ပြီး အမြဲလို ဆန္ဒ၊ မျှော်လင့်ချက်၊ ကြောင့်ကြမှုတွေနဲ့ တင်းကျပ်နေတတ်စမြဲပါ။

စုန်ရေရဲ့ သဘောသဘာဝနဲ့ အနှစ်သာရလိုပဲပေါ့။ နိမ့်ရာ အရပ်ဆီကိုသာ တစ်ဖက်သတ် စီးဆင်းပေးရတဲ့ စုန်ရေရဲ့ မြစ်ဖျားခံရာအရပ်ဟာ မိခင်ဖြစ်ပါတယ်။ အစုန်ရှိရင် အဆန်ရှိရမှာ ဖြစ်ပေမယ့် ကိုယ်တိုင် ပြန်ဆန်တက်မိလေသလား။ ပြန်ဆန်တက်ဖို့ရော ကြိုးစား မိခဲ့လေသလား။ ကိုယ်က ဆန်ရေဖြစ်ခဲ့၊ မဖြစ်ခဲ့ မသေချာပေမယ့် ကိုယ် ကိုယ်တိုင် စုန်ရေအဖြစ် စီးဆင်း ပေးရတဲ့အခါမှာတော့ ကိုယ့်ရဲ့စီးဆင်းမှုအပေါ် အတိ အကျ လိုက်နာကျင့်သုံးအပ်တဲ့ (စည်းမျဉ်းစည်းကမ်း

www.burmeseclassic.com

မဟုတ်သော) အမျိုးအမည်မသိ ဖိအားတစ်မျိုးရဲ့ လှုံ့ဆော်မှုကို ကျေနပ်ပီတိများစွာနဲ့ ကျင့်သုံးလိုက်နာနေမိတတ်ကြတာပါပဲ။

သားသမီးအပေါ် မိခင်ရဲ့လွှမ်းမိုးမှုဟာ အဓိကဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် မိခင်ဆီက ပထမဦးဆုံး သင်ယူမှုတွေ ရကြရတယ်။ ပထမဦးဆုံး အာဟာရကိုလည်း မိခင်ဆီက ရကြတယ်။ သင်ယူမှု အာဟာရသာမက အတုခိုးမှုတွေ၊ နောက်တော့ သူတို့ရဲ့ ဘဝလုံခြုံရေးအတွက်၊ နောက်ပြီး မျှော်လင့်ချက်အတွက် မိခင်ဟာ အရေးအပါဆုံးဖြစ်တယ်။ ဒါကြောင့် မိခင်တစ်ယောက်ဟာ သားတွေ သမီးတွေရဲ့ ဘဝတစ်လျှောက်လုံးမှာ အရေးအကြီးဆုံး မှီခိုရာဖြစ်တယ်။

ဒါကြောင့် မိခင်တစ်ယောက် ဖြစ်ရတဲ့ဘဝကို မိခင်တိုင်း ကျေနပ်တတ်ကြစေဖို့၊ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို သားသမီးတိုင်း နားလည်ခံစားတတ်ကြစေဖို့ ဒီစာလေးတွေကို ရေးသားလိုက်ရပါတယ်။

မိခင်ထဲက မိခင်တစ်ဦး...

**ဖြိုးသာရ**



## မွေးကင်းစ စက္ကန့်မိနစ်များဆီသို့

လူသားတစ်ယောက် လူအဖြစ်ကို ရောက်ရှိလာခြင်းဆိုတာ တကယ်တော့ ဘာမှဆန်းပြားတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူး။ ကိုးလလွယ် ဆယ်လဖွား ဆိုတဲ့စကားအတိုင်း ဝမ်းကြာတိုက်အတွင်းမှာ လချီနေလာခဲ့ရာက လောကကမ္ဘာကြီးထဲကို ချင်းနင်းဝင်ရောက်လာတဲ့ ရိုးစင်းသောဖြစ်ရပ်ကလေးတစ်ခုပါ။

ဒါပေမဲ့...

အားမာန်အပြည့်နဲ့ ချွေးတပြိုက်ပြိုက်ကျ နာကျင်ခြင်းဝေဒနာကို အလူးအလိမ့်ခံစားရင်း လူသားတစ်ဦးရဲ့ ဘဝတစ်ခုကို မေတ္တာရေကြည်များနဲ့အတူ အစပြုစီးဆင်းစေခဲ့သူအတွက်ကတော့ အသက်နဲ့ ရင်းခဲ့ရတာဖြစ်တယ်။

'မွေးပြီ၊ မွေးပြီ' ဆိုတဲ့အသံဟာ နာကျင်မှုဝေဒနာတွေကို တွန်းလှန်ချေဖျက်ပစ်လိုက်သလို-

www.burmeseclassic.com

www.burmeseclassic.com



'ယောကျ်ားလေး...'၊ 'မိန်းကလေး'ဆိုတဲ့ ရင်သွေးငယ်ရဲ့ ဝိသေသကို သိလိုက်ရတဲ့ခဏ 'သား' 'သမီး' ဆိုတဲ့ ရင်တွင်းပဲ့တင်သံက နှလုံးသားကို ရိုက်ခတ်လှုပ်နှိုးလိုက်သလို။

"ဒီမှာလေ..ကြည့်ပါဦး"ရယ်လို့ တူရူရှေ့ကို ရောက်လာတဲ့ နီတာရဲ့ ပိစိကွေးလေးကြောင့် အသွေးအသားထဲမှာ မေတ္တာငွေ့ရည်တွေ အိုင်ဖွဲ့စီးဆင်းသွားလိုက်တာ။

အဲဒီ တဒင်္ဂကလေးကို ဘယ်လိုမိခင်မှ မေ့ပျောက်သွားကြမှာ မဟုတ်ပါဘူးကွယ်။

သမီးတို့ သားတို့ရေ...

မိခင်တိုင်းဟာ အဲဒီစက္ကန့်၊ မိနစ်၊ အဲဒီဝေဒနာ၊ အဲဒီခံစားမှုတွေကို ဖြတ်သန်းပြီး မင်းတို့လေးတွေ ဟောဒီလောကကြီးထဲမှာ လူအဖြစ် ရပ်တည်ရှင်သန်နိုင်အောင် ဆောင်ကြဉ်းပေးခဲ့ကြသူတွေ ဖြစ်ပါတယ်။

သမားရိုးကျလို့ ထင်ရပေမယ့် အဲဒီကာလဟာ လူတစ်ယောက်အတွက်တော့ သိပ်အရေးကြီးလှတဲ့ အချိန်ပါ။ ဘဝတစ်ခုရဲ့အစ၊ ခန္ဓာတစ်ခုရဲ့အစ၊ 'အစ' များစွာရဲ့ အစပြုချိန်ဖြစ်တယ်။ အစကောင်းမှ အနှောင်းသေချာတာပါ။ သတိတွေ၊ ဆင်ကြင်မှုတွေ၊ အင်အားတွေ၊ အားထုတ်မှုတွေနဲ့ စ,ခဲ့နိုင်ဖို့ သိပ်အရေးကြီးပါတယ်။

အဲဒီတာဝန်၊ အဲဒီဝတ္တရားကို ဖိအားပေးခြင်းမပါဘဲ ကျေပွန်ခဲ့ကြသူတွေဟာ မိခင်တွေပါ။ မင်းတို့လေးတွေ လူအဖြစ် စ,တင်နိုင်ဖို့ ဘယ်လိုသတိတွေ ထားခဲ့ကြရတယ်၊ ဘယ်လိုဆင်ခြင်ခဲ့ကြရတယ်၊ ဘယ်လိုအင်အားမွေးခဲ့ကြရတယ်၊ ဘယ်လိုအားထုတ်ကြိုးစားခဲ့ကြရတယ် ဆိုတာ စာဖွဲ့ရေးပြရုံနဲ့ ပြည့်စုံနိုင်မှာ မဟုတ်ပါဘူး။

ကိုယ်တိုင်ကိုယ်ကျရဲ့ အခန်းကဏ္ဍကို ရောက်မှ ကိုယ်တွေ့ သိလာတတ်ကြရတာပါ။

မိခင်တိုင်းကတော့ သူတို့ ဘယ်လိုခက်ခက်ခဲခဲ မွေးထုတ်ခဲ့ကြရတယ်ဆိုတာ ပြောလေ့ပြောထ သိပ်မရှိကြဘူး။ သားသမီးတွေကလည်း မေးရကောင်းမှန်း မသိကြဘူး။ မမေးကြည့်တတ်ကြဘူး။ ဒါပေမဲ့ အန်တီကတော့ အန်တီ့သားသမီးတွေကို ပြောပြတယ်။ အထပ်ထပ် ပြောတယ်။ သူတို့ကလည်း အဲဒီစက္ကန့်၊ မိနစ်ကလေးကို သိပ်စိတ်ဝင်စားတယ်။ အထပ်ထပ်မေးတယ်။

အဲဒီအခါ အန်တီက သူတို့မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင် ပြောပြရင်း သူတို့ရဲ့ ချစ်ခြင်းမေတ္တာတွေကို အန်တီ ရရှိခံစားရတယ်။ သူတို့လေးတွေ ကိုယ်တိုင်လည်း မိခင်ရဲ့ ချစ်ခြင်းမေတ္တာကို ရရှိခံစားနိုင်ကြတယ်လို့ အန်တီယုံကြည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သားတို့ သမီးတို့လည်း မင်းတို့ရဲ့ မေမေဆီမှာ သားတို့ သမီးတို့ မွေးကင်းစအချိန်ကလေးကို မေးမြန်းခံစားရင်း ချစ်ခြင်းများ ကူးလူးဖလှယ်ကြပါလို့ ပထမဆုံး ဆန်တီ တိုက်တွန်းလိုက်ပါတယ်။

အရသာအရှိဆုံး ခံစားမှုဆိုတာ တွေ့ရပါလိမ့်မယ်။

◆

## ငယ်ဘဝရဲ့ရင်ခုန်သံများ

သားသမီးတွေရဲ့ ငယ်ဘဝ ရင်ခုန်သံတွေကို ကြိုးညှိ ဟီးခတ်ပေးသူကလည်း မိခင်ပါပဲ။

'အူဝဲ' သံပေးလို့ ငိုကြွေးတဲ့ ရင်သွေးလေးကို နို့ချိုတိုက်ကျွေး ဖြေသိမ့်ပေးခဲ့ရာက အစပေါ့။ အလိုမကျလို့ ငိုကြတဲ့အခါ ချော့မော့နှစ်သိမ့်တတ်သူတွေက မိခင်ပါ။ မိခင်ဟာ သားသမီးတွေနဲ့ အနီးကပ်ဆုံး လူသားတစ်ယောက်ပဲလေ။

ပျော်အောင် ဖန်တီးပေးနိုင်တယ်။
လုံခြုံအောင် ကာကွယ်ပေးနိုင်တယ်။
နွေးထွေးအောင် ပွေ့ဖက်ပေးနိုင်တယ်။
တက်ကြွအောင် အားပေး‚ပေးနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့်လည်း 'ခလုတ်ထိ အမိတ'ဆိုတာ ဖြစ်လာရတာပေါ့။

အန်တီတို့အရွယ်မှာတောင် နေထိုင်မကောင်းတဲ့အခါ 'အမေ၊ အမေ'လို့ တမ်းတမိသေးတယ်။ အမေရောက်လာတတ်သေးတယ်။ ဘဝမေး အခြေအနေကြောင့် နေရာဒေသ မတူကြတာတောင်မှ အရေးအကြောင်းဆိုရင် အမေက မနေနိုင်ဘူးလေ။

မင်းတို့အမေတွေရဲ့ ရင်ထဲကို မင်းတို့ ဝင်ကြည့်တတ်ကြစေချင်တယ်။ မိခင်ချင်း နာမည်မကွဲပြားကြပေမယ့် မိခင်ဆိုတာချင်းတော့ အတူတူပါပဲ။ အမေဆိုတာ အမေပဲလေ။ မိခင်တစ်ယောက်ရဲ့ ရင်ထဲက ချစ်ခြင်းမေတ္တာ ဆိုတာလည်း အတူတူပဲပေါ့။ ဘယ်လိုလက်နက်နဲ့မှ နှိမ်နင်း တိုက်ဖျက်လို့ မရနိုင်ဘူး။ ဘယ်သောအခါမှလည်း ချုပ်ငြိမ်းမသွားနိုင်ဘူး။ မိခင်တွေဟာ သက်ရှိထင်ရှား မရှိတော့ရင်တောင်မှ သူတို့ရဲ့ ချစ်ခြင်းမေတ္တာဓာတ်ကိုတော့ သားသမီးတွေရဲ့ အသွေးအသားထဲမှာ ထည့်သွင်းပေးသွားတတ်ကြလေရဲ့။

အဲဒီ မိခင်ရဲ့နှလုံးသားဟာ မင်းတို့ ငယ်ဘဝမှာတော့ ရင်ခုန်သံ နှိုးစက်တစ်လုံး ဖြစ်ခဲ့တာပေါ့။ ပြုံးစေတယ်။ ရယ်မောစေတယ်။ ပျော်ရွှင်စေတယ်။ ချွဲတတ်စေတယ်။ တာစာတတ်စေတယ်။ စိတ်ကောက်တတ်စေတယ်။ ပူဆာတတ်စေတယ်။ မင်းတို့ ငယ်ဘဝဟာ မိခင်သင်ကြားပေးတဲ့ အတတ်ပညာ များစွာကြောင့် ရင်ခုန်သံတွေနဲ့ ရှင်သန်နိုးကြား လန်းဆန်း တက်ကြွခဲ့တယ်။ အဲဒီရင်ခုန်သံတွေကို မင်းတို့ ပြန်ပြီး နားထောင်ကြဖို့ လိုတယ်။

အန်တီကတော့ သမီးကို ငယ်ငယ်က ထမင်းကျွေးရတာ ခက်လို့ ထမင်းပန်းကန် ခေါင်းပေါ်ရွက် ထမင်းသည် လုပ်ကျွေးခဲ့ရတာ ပြန်ပြောပြတယ်။ သားကို ဖွန်လိုက်ကောက်လို့ ခြေသလုံးကို ခပ်စပ်စပ်ချခဲ့တာ ပြန်ပြောပြတယ်။ သမီး စက်ဘီး ခြေထောက်ညပ်တုန်းက အကြောင်း၊ သားလက်ကျိုးလို့ ခွဲစိတ်ရတဲ့အကြောင်း ပြန်ပြောပြတယ်။ ဒါတွေဟာ ဆုံးမစကားတွေ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ရဲ့ ငယ်ဘဝမှာ မိခင်တစ်ယောက်အနေနဲ့ ဘာတွေ ဘယ်လိုခံစား လုပ်ဆောင်ခဲ့ရတယ်ဆိုတာ သိရအောင် ပြောပြတာပဲ။ အဲဒီလိုပြောပြခြင်းအားဖြင့် မိခင်ရဲ့ ချစ်ခြင်းမေတ္တာကို သွယ်ဝိုက်စွာ နားလည်သွားကြလိမ့်မယ်လို့ ယုံကြည်တယ်။

မင်းတို့မေမေကလည်း မင်းတို့ရဲ့ ငယ်ဘဝမှာ အဲသလို ခံစားလုပ်ဆောင်ခဲ့မှာပါပဲ။ မတူပေမယ့် တူပါတယ်။ မယုံရင် မေးကြည့်ကြပါ။ မိခင်နဲ့ သားသမီးကြားမှာ စဉ်ဆက်မပြတ် နားလည်မှုတွေ ရှိနေကြစေချင်တယ်။ အရွယ်ရောက်တဲ့အချိန်မှာ ဆက်ဆံရေးမှုတွေ ပြောင်းလာတဲ့အတွက် ငယ်ဘဝရဲ့ ရင်ခုန်သံတွေ

www.burmeseclassic.com

www.burmeseclassic.com


မှေးမှိန်သေးငယ် ပျက်ပြယ်မသွားစေသင့်ဘူး။

ဒီအရွယ်မှာတော့ ဒီအရွယ်လိုပေါ့။ အခု မင်းတို့ မငယ်တော့ဘူး။ ဒါပေမဲ့ ငယ်ငယ်တုန်းကတော့…

ကဲ…မင်းတို့ မေမေကို ပိုချစ်သွားပြီလား။

◆

## မြင်တတ်ပါစေ

မိခင်ကို မြင်တတ်ပါစေ။

မြင်တတ်ဖို့ဆိုတာ ကြည့်တတ်ဖို့ လိုပါတယ် သမီးတို့ သားတို့ရေ။ လူတွေမှာ မျက်စိနှစ်လုံးတော့ ပါကြတာပါပဲ။ အမြင်မချို့ယွင်းရင်တော့ မြင်နေကြရမှာပဲပေါ့။ ဒါပေမဲ့ အကြည့်အပေါ်မှာ မူတည်ပြီး ရှုခင်းရှုကွက် တစ်မျိုးတည်းရဲ့အပေါ်မှာ အမြင်မတူတာတွေ အများကြီး ရှိနေလေရဲ့။ ဒါကြောင့် အကြည့်ဆိုတာ သိပ်အရေးပါတယ်။

မိခင်တစ်ယောက်ကို ဘယ်လိုကြည့်ရမလဲဆိုတာ မှတ်ထားကြပါ။ မျက်စိနဲ့ မကြည့်ပါနဲ့။ နှလုံးသားနဲ့ ကြည့်ပါ။

အသွင်သဏ္ဌာန်ကို မကြည့်ပါနဲ့။ စိတ်ခုနစ်သံကို ကြည့်ပါ။ အမြင်မစောင်းအောင် ဖြောင့်ဖြောင့်မတ်မတ် ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com


'ငါ့အမေက ငါ့ကို မချစ်ပါဘူးဟယ်'လို့ ပြောခဲ့တဲ့၊ ပြောနေတဲ့၊ ပြောချင်တဲ့ သားတို့ သမီးတို့ရေ။ မင်းတို့ရဲ့ ဝစီကံနဲ့ မနောကံအမှားကို ဦးချဝပ်တွား တောင်းပန်ကြပါကွယ်။ သားသမီးကို မချစ်တဲ့ အမေဆိုတာ လုံးဝ (လုံးဝ) မရှိပါဘူး။ ဘယ်တုံးကမှ မရှိခဲ့သလို ဘယ်တော့မှလည်း ရှိမလာပါဘူး။ မင်းတို့ မကြည့်တတ်ကြလို့ မမြင်နိုင်ကြတာပါ။

'ငါ့အမေက ငါ့များဆို သိပ်နှိမ်ချင်တာပဲ'

'ငါ့အမေက ငါ့အလိုကို ဘယ်တုံးကမှ မလိုက်ခဲ့ပါဘူးဟာ'

'ငါ့အမေလား၊ သူ့အလုပ်ဈာလွဲပြီး ငါ့ကို စိတ်မဝင်စားပါဘူး'

စတဲ့ စတဲ့ အမေ့ဝေဖန်ရေး ရင်ဖွင့်သံမျိုးတွေ အန်တီ ခပ်ငယ်ငယ်က သူငယ်ချင်းတချို့ ပြောခဲ့ကြဖူးတယ်။ အဲဒီလိုပဲ မင်းတို့ကိုယ်တိုင် ဒါမှမဟုတ် မင်းတို့ သူငယ်ချင်းတချို့ ပြောခဲ့ကြဖူးလိမ့်မယ်။ ဒါဟာ ဒီအရွယ်မှာ မြင်တတ်လေ့ရှိတဲ့ အမြင်မှားများက တွန်းကန်ထွက်လာတဲ့ စကားလုံးတွေ ဖြစ်ပါတယ်။

ပြည့်ဝမလာတဲ့ ကိုယ့်လိုအင်ဆန္ဒအတွက် အမေ့မေတ္တာကို လက်ညှိုးထိုး အပြစ်ဖို့လိုက်ခြင်းပါပဲ။ သားတို့ သမီးတို့ရေ။ အမေဆိုတာ လူ့လောကကြီးထဲက လူသားတစ်ယောက်သာ ဖြစ်တယ်။ အမေဟာ တန်ခိုးရှင် မဟုတ်ပါဘူး။ အမေတိုင်းဟာ သူတို့ဘဝ ရပ်တည်မှုတွေနဲ့ သူတို့ ရှင်သန်လှုပ်ရှားနေကြရသူတွေပါ။ အမေတိုင်းဟာ သားသမီးအပေါ် တော်စေချင် တတ်စေချင်၊ အောင်မြင်စေချင် ထွန်းပေါက်စေချင်၊ အမြင့်ဆုံး ဆိုတဲ့ နေရာမှာ ထားချင် မြင်ချင်တတ်ကြသူချည်းပါ။

ဒါပေမဲ့ သူတို့မှာ ရှိနေတဲ့ အင်အားထက် ပိုပြီး တတ်စွမ်းနိုင်ကြတာ မဟုတ်ပါဘူး။ မိခင်တစ်ယောက်ရဲ့ အင်အားကို သားသမီးတွေ မမြင်တတ်တဲ့အခါ အမေနဲ့ သားသမီးအကြား နားလည်မှု လွဲမှားရတတ်ပါတယ်။ အဲဒီအခါမျိုးမှာ တချို့သော မိခင်တွေကိုယ်တိုင် ငါ့ကို သမီးက မချစ်ပါလား၊ သားက မလေးစားပါလား ဆိုတဲ့ အားငယ် ဝမ်းနည်းစိတ်တွေ ဝင်လာပါတယ်။ တချို့မိခင်တွေက မျက်ရည်နဲ့ ဖြေသိမ့်ပြီး တချို့မိခင်တွေက ဒေါသနဲ့ ပေါက်ကွဲကြပါတယ်။

အဓိက တရားခံကတော့ မမြင်တတ်ခြင်းပါပဲ။ သားသမီးတွေက ကိုယ့်ချစ်ခြင်းမေတ္တာကို မြင်လာတတ်ဖို့ဆိုတာ မိခင်တိုင်း ကြိုးစားသင့်တဲ့ တာဝန်တစ်ရပ်ဖြစ်တယ်။ မလိုအပ်ဘူးလို့ အန်တီတော့ မယူဆဘူး။ မိခင်ဘဝကို မရောက်ကြသေးတဲ့အရွယ်မှာ မင်းတို့လေးတွေ ဘယ်လိုမှ စာနာတတ်ကြဦးမှာ မဟုတ်ဘူးလေ။ ဒီတော့ မြင်တတ်အောင် မျက်လုံးတွေကို သင်ပေးရလိမ့်မယ်။ အမြင်လွဲနေရင်လည်း တည့်ပေးရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ...သားတို့ သမီးတို့ရဲ့ မျက်စိတွေကို ခဏ မှိတ်လိုက်ကြ၊ အာရုံထဲမှာ အမေ့ကို မြင်ကြည့်လိုက်ကြ။ နီတာရဲကလေးလေးကို နို့တိုက်ကျွေးတဲ့ ဟိုးဘဝ အစကနေ ဒီနေ့အထိနော်။ လပိုင်း နှစ်ပိုင်း ဆိုတဲ့ ကာလတစ်ခုကို ကြည့်ပြီး အမေ့မေတ္တာကို မသုံးသပ် မဆုံးဖြတ်မိကြစေနဲ့။ အမြင်မှားရင် အမှားမြင်တတ်တယ်။

မြင်တတ်ပါစေ သားတို့ သမီးတို့ရယ်။

◆

## မျှော်လင့်ချက်လက်ဆောင်

မိခင်တိုင်းမှာ သားသမီးတွေဆီက ဘာကိုပြန်ရ ရမယ်ဆိုတဲ့ မျှော်လင့်ချက် တစ်စုံတစ်ရာ မရှိပါဘူး သားတို့ သမီးတို့ရယ်။ ဒါပေမဲ့ ဘာဖြစ်စေချင်လိုက် တာဆိုတဲ့ မျှော်လင့်ချက်ကတော့ ရှိနေပါတယ်။ အဲဒီ မျှော်လင့်ချက်ဟာ ကိုယ့်အတွက် အကျိုး တစ်စုံတစ်ရာ ကို မျှော်ကိုးပြီး ဖြစ်ပေါ်လာတာ မဟုတ်ဘဲ ရင်ထဲ နှလုံးသားထဲက ချင်ခြင်းမေတ္တာကြောင့် တောင့်တ လိုလားသော ဆန္ဒစစ်စစ်တစ်ခုဖြစ်တယ်။

သားသမီးရဲ့ အောင်မြင်မှုကို အားရဝမ်းသာ ဖြစ်ကြတယ်။

သားသမီးရဲ့ ထူးချွန်မှုကို ဂုဏ်ယူပီတိ ဖြစ်ကြ တယ်။

www.burmeseclassic.com

www.burmeseclassic.com

တချို့မိခင် (များစွာသော မိခင်တိုင်းလိုလိုပါ)တွေများ အဲဒီ အောင်မြင်ထူးချွန်မှုကို နီးစပ်ရာတိုင်းမှာ ကြုံရင် ကြုံသလို (တမင်သက်သက် ကြုံအောင်ဖန်တီးပြီးလည်း) ဝင့်ဝင့်ကြွားကြွား ပြောတတ်ကြတယ်။

အန်တီလည်း အဲသလို ဖြစ်ခဲ့ပါတယ်။ ဒါဟာ သားသမီးဆီက ပြန်ရတဲ့ မျှော်လင့်ချက်လက်ဆောင်ပဲပေါ့။

ဒါပေမဲ့ အဲဒီလက်ဆောင်မျိုး ပြန်မရနိုင်ကြတဲ့ မိခင်တွေလည်း အများကြီးရှိတယ်။ လူ ဆိုမှတော့ ဖြစ်ချင်တိုင်း ဖြစ်လို့မရနိုင်တဲ့ သဘာဝရဲ့ သားကောင်တွေပဲလေ။ လူမှာ သူ့ဉာဏ်ရည်အတိုင်းအတာနဲ့ သူ ရှိနေတာ မဟုတ်လား။ မွေးထားတဲ့ သားသမီးတိုင်း တော်ရမယ်၊ ထူးချွန်ရမယ်လို့ ဘယ်မှာ တစ်ထစ်ချ တောင့်တလို့ ဖြစ်ပါ့မလဲကွယ်။

ဒါဖြင့် ဒီသားသမီးကတော့ မိခင်ရဲ့ မျှော်လင့်ချက်ကို ဖြည့်စွမ်းမပေးနိုင်တာနဲ့ အချစ်လျော့ရတော့မလား၊ အချစ်ပေါ့ရတော့မလား။ ဒါဟာ အားနည်းချက်ရှိတဲ့ သားသမီးတွေရဲ့ စောစောက ပြောခဲ့သော အမြင်များပါ။ မိခင်တိုင်းဟာ မျှော်လင့်ချက်လက်ဆောင်ကို လိုလားကြတာ မှန်ပေမယ့် မပေးနိုင်ရကောင်းလားလို့တော့ သားသမီးကို နာကြည်း မုန်းတီးမနေကြပါဘူး။ တစ်ခုပဲရှိတယ်။ ဖြစ်နိုင်လျက်နဲ့ မဖြစ်ခဲ့လို့



ယူကျုံးမရတာမျိုးပဲ။ အဲဒီအခါ ဝမ်းနည်း ဒေါသထွက်ပြီး ဆူပူကြိမ်းမောင်းမယ်၊ အပြစ်တင်မယ်၊ ဒါလည်း ခဏပါ။ ပြီးတော့ သူတို့ပဲ ပြန်ချော့မော့ကြ၊ အားပေးကြရတာပဲ။

အဲဒီအချိန်မျိုးမှာ သားသမီးတွေရဲ့ ခံစားချက်ကတော့ တစ်မျိုးပေါ့။ ငါတို့ လုပ်မပေးနိုင်လို့ ငါတို့ရဲ့ ရှုံးနိမ့်မှုကို အမေက မျှဝေမခံစားဘဲ အပြစ်ပြောတယ်၊ ငြူစူတယ်။ ဟိုလူ့ကိုတော့ ဘယ်လိုဦးစားပေးတယ်၊ ဒီလူ့ကိုတော့ ဘယ်လိုချစ်တယ်... စသဖြင့် အမြင်တွေ စောင်းကုန်တော့တာပေါ့။ ဒါဟာ မိခင်ရော သားသမီးတွေပါ သတိထားရမယ့် အဖြစ်မျိုးပါပဲ။

သားတို့ သမီးတို့ရေ... အမေတို့မှာ မောင်နှမ ဘယ်နှယောက်ရှိကြသလဲကွယ်။ အဲဒီမောင်နှမတွေထဲမှာ မင်းတို့မေမေရဲ့ အချစ်ဆုံးက ဘယ်သူလဲ။ အမြင်မှားရင်တော့ အဖြေလည်း မှားလိမ့်မယ်။ ကျွန်တော်ပဲ၊ ကျွန်မပဲ၊ သူပဲဆိုတဲ့ တစ်ဦးတစ်ယောက်တည်းကို လက်ညှိုးမထိုးလိုက်လေနဲ့။ အတူတူပဲ သားတို့ သမီးတို့ရေ။

ကိုယ်က တော်နေ ထက်နေလို့ ကိုယ့်ကို အချစ်ဆုံးလို့ မထင်နဲ့။

ကိုယ်က ညံ့နေ ဖျင်းနေလို့ ကိုယ့်ကို မချစ်ဘူးလို့ မထင်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



မိခင်တိုင်းမှာ သားသမီးတိုင်းအတွက် တူညီသော ချစ်ခြင်း ရှိတယ်။ တူညီသော မျှော်လင့်ခြင်း ရှိတယ်။ မျှော်လင့်ခြင်းမှာ အမျိုးအစားတွေသာ ကွဲပြားသွားတာပါ။ ဖြစ်စေချင်တယ်ဆိုတဲ့ ဆန္ဒကို ဖြစ်နိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ တွဲပြီး ဖြစ်အောင် အားပေးတတ်ဖို့တော့ အန်တီတို့ မိခင်တွေရဲ့ လိုအပ်ချက်ပေါ့။ အဲဒီလိုပဲ ဖြစ်စေချင်တာ ဖြစ်အောင် ဖြစ်နိုင်သလောက် ကြိုးစားပြီး ဖြစ်လာဖို့အတွက်ကတော့ သားတို့ သမီးတို့ တာဝန်ပေါ့။ တာဝန်ကိုယ်စီယူကြရအောင်။

မျှော်လင့်ချက်လက်ဆောင်ဆိုတာ စိန်စီထားတဲ့ ရတနာစံအိမ်ကိုသာ ဆိုလိုတာ မဟုတ်ဘဲ လုံခြုံခိုင်မာတဲ့ သစ်လုံးအိမ်ကလေးလည်း ဖြစ်နိုင်တာပဲနော်။ မင်းတို့ မေမေအတွက် အိမ်ကလေးတစ်လုံးကိုတော့ ဆောက်ပြနိုင်ရလိမ့်မယ်။ မျှော်လင့်ချက်လက်ဆောင်ပေါ့ကွယ်။

◆

## မိခင်အားကိုး

အန်တီက အိမ်ဆောက်ခိုင်းလိုက်တာကြောင့် မိခင်အပေါ် အမြင်လွဲမသွားလေနဲ့ဦး သားတို့ သမီးတို့ရေ။ အမေအိမ်မှာ မနေစေချင်လို့ အိမ်ဆောက်ကြဖို့ တိုက်တွန်းခဲ့တာ မဟုတ်ပါဘူး။ ဒါကိုလည်း နားလည်စေချင်တယ်။

များသောအားဖြင့် သားသမီးတွေဟာ အမေ့ကို သိပ်အားကိုးတတ်ကြတယ်။ အမေလုပ်ပေးမှာပဲ၊ အမေရှိသားပဲ၊ အမေ့တာဝန်ပဲ၊ အမေ့ကိုပြောမယ်၊ အမေလိုက်လိမ့်မယ်...စတဲ့ အမေအားကိုးစိတ်တွေ ကိန်းဝပ်နေလေ့ရှိကြတယ်။ ရှိလည်း ရှိချင်စရာပဲလေ။ အမေတွေက သားသမီးအတွက် အမြဲ အဆင်သင့်ဖြစ်နေတတ်ကြတာပဲဟာ။

ဒါပေမဲ့ အဲဒီစိတ်ကို ရေရှည်မွေးထားလို့တော့ မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အမေမေတ္တာဟာ

www.burmeseclassic.com

www.burmeseclassic.com


ရေသေဖြစ်ပေမယ့် အမေ့အင်အားကတော့ နွေနေလို အမြဲမပြင်းနိုင်ဘူး။ အမေ့အိမ်ဟာလည်း အချိန်ကာလရဲ့ တိုက်စားမှု၊ လောကဓံရဲ့ ထိုးနှက်မှု၊ ဇရာရဲ့ ဖြိုချမှုတွေကြောင့် တဖြည်းဖြည်း ယိုယွင်းလာမှာပဲ။ အဲဒီအခါ ဘယ်လောက်ပဲ ဆန္ဒရှိပါစေ၊ သားသမီးတွေအတွက် လုံခြုံမှုကို မပေးနိုင်တော့ဘူးပေါ့။

သားတို့ သမီးတို့ဟာ အမေ့အိမ်ကို ကျားကန်ပေးနိုင်သူတွေ ဖြစ်လာဖို့လိုတယ်။ လျော့ပါးသွားတဲ့ အမေ့အင်အားတွေကို ဖြည့်တင်းပေးနိုင်သူတွေ ဖြစ်လာဖို့လိုတယ်။ ကိုယ့်တုန်းက အားထားခဲ့ပြီး ကိုယ့်အလှည့်မှာ 'ပွဲပြီး မီးသေ၊ ဘုရားပြီး ငြမ်းဖျက်' ဥပေက္ခာရှုရမယ့်အထဲမှာ အမေဆိုတာ မပါဘူး။ အဲဒီလို အမေ့အိမ်လေး ကြာရှည်ခိုင်ခံ့အောင် လုံးဝဥဿုံ မှီခိုခြင်းမျိုး ရှောင်ကြဉ်ဖို့ လိုတယ်။

အပြန်အလှန် အားကိုးရခြင်း ရှိရမယ် သားတို့ သမီးတို့ရေ။ မိခင်တွေဟာ 'ငါတို့အားကိုးရဖို့' ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ သားသမီးကို စောင့်ရှောက်ပံ့ပိုး မြေတောင်မြှောက်ခဲ့ကြသူတွေတော့ မဟုတ်ဘူး။ ဒါပေမဲ့ ငါ့သားကြီးက အားကိုးရတယ်၊ ငါ့သမီးလေးက အားကိုးလိုက်ရတာ ဆိုတာကိုတော့ အင်မတန် ဂုဏ်ယူပီတိ ဖြစ်တတ်ကြတယ်။ အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တာ မဟုတ်ပေမယ့် ညောင်ပင်ရဲ့ အရိပ်ကို ခိုရတဲ့အခါ ချမ်းမြေ့ ကြည်နူး ပီတိ ဂုဏ်ယူမိတတ်တာမျိုးပေါ့။ ဒါ ငါတို့ပျိုးခဲ့တဲ့အပင် ဆိုပြီးတော့ပေါ့။

အချိန်တန် အရွယ်ရောက်လို့ လက်တွဲဖော်ရဲ့ အားကိုးကို ရှာဖွေသွားကြသူတွေလည်း ရှိပါရဲ့၊ အဲသလိုပဲ ဘဝကြင်ဖော်ရဲ့ အားကိုးကို ခံယူလိုက်သူတွေလည်း ရှိတယ်။ ဒါဟာ အမေ့ကို ဥပေက္ခာရှုခြင်းလို့ အန့်တီ မဆိုလိုဘူးနော်။ ဒါဟာ ဖြစ်သင့်တဲ့အချိန်မှာ ဖြစ်ထိုက်လို့ ဖြစ်ရတာပဲ။ ဘဝတစ်ခုရဲ့ လိုအပ်ချက်ပဲ။ ပြောပြီးပြီလေ။ အမေ့အိမ်ဟာ ဘဝတစ်သက်စာအတွက် လုံခြုံမှု ပေးနိုင်မယ့် အဆောက်အအုံ မဟုတ်ဘူးလို့။

ဒါပေမဲ့ သားတို့ သမီးတို့ရေ...။

ကိုယ်ခိုကိုးရတဲ့ အမေ့အိမ်ကိုတော့ ပစ်ထားလို့ မဖြစ်ဘူးလေ နော်။ မပျက်စီးအောင် ထိန်းသိမ်းရမှာ သားတို့ သမီးတို့ တာဝန်ဖြစ်တယ်။ တာဝန်သိရလိမ့်မယ်။ သားသမီးတွေ အားကိုးရလောက်တဲ့ အခြေအနေမျိုး မရှိတော့တာနဲ့ပဲ အမေ့အိမ်ကို အပြစ်မမြင်ကြလေနဲ့။ အမေ့မှာ ခိုင်မာတဲ့အိမ်ထက် တန်ဖိုးမဖြတ်နိုင်တဲ့ ရေရှည်တည်တံ့တဲ့ ချစ်ခြင်းမေတ္တာ ရှိတယ်။ မင်းတို့ ဘယ်ဘဝရောက်ရောက် စီးဆင်းနေမယ့် စမ်းချောင်းလေးပဲ။

ခံယူတတ်ရင် အေးမြလိမ့်မယ်။

အားကိုးတတ်ရင် ကြည်နူးရမယ်။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ မိခင်ရဲ့ ချစ်ခြင်းမေတ္တာထက် အားကိုး တွယ်တာရမယ့် အခြင်းအရာ မရှိပါဘူး သားတို့ သမီးတို့ရေ။

အရေးကြီးတာကတော့ အမေ့အားကိုးနဲ့ အမေ့မေတ္တာကို အခွင့်အရေးယူ အသုံးချမပစ်လိုက်ကြဖို့ပဲ။ အားကိုးတတ်ရမယ်။ အားပေးတတ်ရမယ်ပေါ့ကွယ်။

အို…ကံကောင်းတယ်ဆိုတာ မိခင်တိုင်း လိုလားတတ်ကြတဲ့ ဘဝရဲ့ နောက်ဆုံးလက်ဆောင်ဖြစ်တယ်။ မင်းတို့ ပေးတတ်ကြဖို့ လိုပါတယ်။ ဒါကြောင့်လည်း သားသမီးဝတ်မှာ 'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေ့ခံထိုက်စေရယ်' လို့ ထည့်သွင်း ဖွဲ့ဆိုထားခဲ့တာပေါ့။

နားလည်သိတတ်ကြစေချင်ပါတယ်ကွယ်။

◆

## မမြင်ရသော အင်အားများ

မိခင်တွေ ရင်ထဲမှာ မမြင်ရသော အင်အားများ ရှိတယ်။ အဲဒါက သူတို့ရဲ့ အသက်ရှည်ဆေးပဲ။ အထူးသဖြင့် လူလားမမြောက်သေးတဲ့ သားသမီးတွေရဲ့ မိခင်တွေမှာ တွေ့ရတယ်။ 'ငါ လဲသွားလို့ မဖြစ်ဘူး' 'ငါမရှိလို့ မဖြစ်ဘူး' 'ငါမလုပ်လို့ မဖြစ်ဘူး' ဆိုတဲ့ ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ အမိန့်ပေး သတ်မှတ်ချက် မပါတဲ့ ခံယူချက်တွေကို စွဲမြဲဆုပ်ကိုင်ထားကြတယ်။ အဲဒီခံယူချက်ဟာ သူ့အတွက် အင်အားတွေပဲပေါ့။

သားတို့ သမီးတို့ရေ၊ ဘယ်လိုမိခင်မျိုးကမွေးခဲ့တာရဲ့ ကလေးကို နို့ချိုတိုက်ကျွေးချိန် လွန်သည်အထိ ပစ်မထားတတ်ကြသလို ဘယ်လိုမိခင်မျိုးကမှ မိုးသည်းသည်းထဲမှာ ကိုယ့်ရင်သွေးကို အမိုးရှိမခံတတ်ကြပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'အမေက ငါ့ကို ပစ်ထားတယ်'၊ 'အမေက ငါ့ကို ဂရုမစိုက်ဘူး'လို့ ဘယ်တော့မှ မမြင်ပါနဲ့ကွယ်။ တစ်ခါ တလေတော့ မိခင်တွေဟာ သားသမီးကို သိပ် အထင်ကြီးလွန်းတတ်ပါတယ်။ ဒီလောက်တော့ ငါ့ သားက ငါ့သမီးက တတ်နိုင်တယ်၊ စွမ်းနိုင်တယ်၊ ဖြေရှင်းနိုင်တယ် ဆိုတဲ့ ယုံကြည်မှုနဲ့ လျစ်လျူရှုထား မိတာလေးတွေ ရှိတတ်ပါတယ်။ နားလည်တတ်ကြဖို့ လိုတယ်နော်။

များသောအားဖြင့်တော့ သားသမီး တစ်စုံတစ်ရာ အခက်အခဲကြုံ ဒုက္ခတွေ့ပြီဆိုရင် မိခင်တွေ ပျာယာခတ် တတ်ကြပါတယ်။ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်တဲ့ သူလည်း ဖြစ်တယ်။ ဟိုပြေးသည်ပြေး ဗျာများရသူ လည်း ရှိတယ်။ သားသမီးနဲ့ အပြိုင်ငိုကြွေး မျှယူ သူလည်း ရှိတယ်။ ကူညီပံ့ပိုး ဖြေရှင်းနိုင်သူကို မျက် ကလူးဆန်ပြာ ရှာကြဖွေကြသူလည်း ရှိတယ်။ လက် ပိုက် ကြည့်နေတဲ့ မိခင်မျိုးကတော့ မရှိပါဘူး သားတို့ သမီးတို့ရယ်။ သူ့ရင်သွေးဆိုတာ သူ့ရင်မှာ လွယ်ပြီး မွေးခဲ့တာပဲ။ အဲဒီအချိန်မှာ မမြင်ရတဲ့ အင်အားတွေက နိုးကြားရန်းထလာတော့တာပဲပေါ့။

အဲဒီအင်အားဟာ အလွယ်တကူ မမြင်သာဘူး၊ မြင်သာအောင်လည်း မိခင်တွေက ထုတ်ပြလေ့ မရှိကြ ဘူး။ အရေးကြုံမှ ထွက်လာတာမျိုးဖြစ်တယ်။ အန်တီ့ရဲ့



ဖြတ်သန်းမှု အတွေ့အကြုံအရ ပြောရရင်တော့ တကယ့် အရေးမှာ မိခင်လောက် အင်အားပြနိုင်သူ မရှိဘူး ဆိုတာပဲ။ အမေဟာ သားသမီးနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမဆို ရင်ဆိုင်ရဲတယ်။ သားသမီးအကျိုး အတွက်ဆိုရင် ဘယ်လိုလူမျိုးကိုမဆို အောက်ကျို့ ချဉ်းကပ်ရဲတယ်။ သားသမီး အမှားရှိလာရင်လည်း ဘယ်သူ့ကိုပဲဖြစ်ဖြစ် တောင်းပန် အသနားခံရဲတယ်။

သားသမီးနဲ့ ပတ်သက်ရင် အမေ့မှာ သတ္တိလည်း ရှိတယ်။ ခံနိုင်ရည်လည်းရှိတယ်။ ငွေကြေးဥစ္စာ ပြည့်စုံ ချမ်းသာ ဆိုတာကတော့ မိခင်တိုင်း ဘယ်တူနိုင်ပါ့မလဲ။ သူ့ရပ်တည်မှု အတိုင်းအတာအရတော့ ကွဲပြားမှု ရှိတာ ပေါ့။ ဒါပေမဲ့ ဆင်းရဲသူ မိခင်မှာလည်း သားသမီး အတွက် သတ္တိဆိုတာ ရှိလာတာပဲ။ ချမ်းသာသူ မိခင်မှာ လည်း သားသမီးအတွက် စွန့်လွှတ်မှုဆိုတာ ရှိလာ တာပဲ။ သားသမီးနဲ့ ပတ်သက်ရင် မာန ဆိုတာကို တောင်မှ ခေါက်သိမ်းထားနိုင်တတ်ကြပါတယ်။ အဲဒါ တွေဟာ မိခင်ရဲ့ မမြင်ရသော အင်အားတွေပါပဲ။

ငါ့သမီး ငါ့သားကလေး အခုမှ လေ့ကားထော် ကလေးပေါ်ကို စ,တက်တာ၊ လိမ့်မကျအောင် ငါ ထိန်းရမယ် ဆိုတဲ့အသိ။

ငါ့သား ငါ့သမီးကလေး အခုမှ ... အိမ်ကလေး စ,ဆောက်ရှာတာ၊ ခိုင်မာသည်အထိ ငါ စောင့်ကြည့်

www.burmeseclassic.com


ပံ့ပိုးကူညီ အားပေးရမယ် ဆိုတဲ့အသိ။

လောကကြီးမှာ ကမောက်ကမလမ်းတွေ တင်းကြမ်းပြည့်လို့၊ ငါ့သားလေး ငါ့သမီးလေး ခလုတ်တိုက်လဲမှဖြင့် ငါတွဲထူနိုင်ဖို့ အသင့်ရှိနေရမယ် ဆိုတဲ့အသိ။

အဲဒီလို အသိများစွာက ဖြစ်တည်လာတဲ့ အင်အားတွေပေါ့။ သမီးတို့ သားတို့ အခုနေမှာတော့ မြင်သာကြဦးမယ် မဟုတ်ဘူး။ ဒါပေမဲ့ သိနေကြစေချင်တယ်။ မိခင်ရဲ့ ချစ်ခြင်းမေတ္တာ အင်အားတွေဟာ မင်းတို့လေးတွေရဲ့ နောက်ကွယ်မှာ ဘယ်လောက်ကြီးမား ရှင်သန်နေတယ် ဆိုတာလေ။ မယုံမရှိလေနဲ့။ တစ်နေ့နေ့တော့ တွေ့လာမှာပါ။

◆

## သားသမီးရဲ့အားငယ်စိတ်

သမီးတို့ သားတို့ ရင်ထဲမှာ အားငယ်စိတ်တွေ ရှိနေသလား။ ရှိနေရင်တော့ အမြန်ဖြေဖျောက်ပစ်ကြပေတော့။

သားသမီးရဲ့အားပေးစကားဟာ မိခင်တစ်ယောက်ရဲ့ ရင်ကို ပြင်းပြင်းထန်ထန် ပူလောင်စေတတ်ပါတယ်။ ချွဲနွဲ့ပူဆာတာကစ တတ်နိုင်ရင် ဖြည့်ဆည်းပေး။ မတတ်နိုင်ရင် နှစ်သိမ့်။ တစ်ခါတလေ ငေါက်ငမ်းလိုက်ရင် ပြီးသွားတတ်တယ်။ ဒါပေမဲ့ အားငယ်စကားနဲ့ တောင်းခံတဲ့အခါမှာတော့ မိခင်ရဲ့ နှလုံးသားကို ဆွဲခြေလိုက်သလို ခံစားရတတ်တယ် သားတို့ သမီးတို့ရေ။

'သမီးလိုချင်လိုက်တာ မေမေရယ်၊ ဒါပေမဲ့ မေမေ့ကို သနားလို့ မပူဆာရက်ဘူး' ဆိုမှတော့ ဒီအမေ

www.burmeseclassic.com

www.burmeseclassic.com



ရင်နာရပြီပေါ့။ ဒါကြောင့် ကိုယ့်အမေကို ကိုယ်တကယ်သနားရင် အဲဒီခံစားချက်ကို ဖျက်ပစ်လိုက်ပါ။ ကိုယ့်ဘဝကိုယ် နားလည်စိတ်နဲ့ ဥပေက္ခာရှုလိုက်ပါ။ မပူဆာရက်မှတော့ ထုတ်ပြဖို့ မလိုအပ်တော့ဘူး မဟုတ်လား။

များသောအားဖြင့် မိခင်ဆိုတာ သားသမီးကို အရိပ်လို ကြည့်နေတတ်ကြသူတွေပါကွယ်။ သားသမီးတစ်ယောက်ရဲ့ အကြိုက်ကို သူ့ကိုမွေးထားတဲ့ မိခင်လောက် ဘယ်သူသိမှာလဲ။ အမြဲထိတွေ့နေရတဲ့ မိခင်ဟာ သားသမီး ဘာလိုအပ်သလဲဆိုတာ သိနေတာပေါ့။ သူတတ်နိုင်သလောက် ဖြည့်ဆည်းပေးနေမှာပေါ့။

မိခင်ကို တိုင်ပင်တာ ကောင်းပါတယ်။ ဖြစ်နိုင်တယ်လို့ ယူဆရတဲ့ တောင်းဆိုမှုကိုလည်း ရဲရဲတောင်းပါ။ ခိုးကြောင်ခိုးဝှက် မလုပ်ပါနဲ့။ အမေ့ကို မပြောရက်လို့ဆိုတဲ့ မိခင်ချစ်စိတ်ကြောင့် အမှားပြုမိသူတွေ အများကြီးရှိတယ်။ ဒါဟာ သားတို့ သမီးတို့ ဆင်ခြင်ရမယ့် အချက်ပဲ။

အဲဒီလိုပဲ သားသမီး မျက်နှာမငယ်ရအောင်ဆိုတဲ့ မေတ္တာစိတ်နဲ့ မှားမိကြတဲ့ မိခင်တွေလည်း ရှိတယ်။ ဒါကိုလည်း မိခင်တွေ ဆင်ခြင်ရမှာပဲ။ အားငယ်တတ်တဲ့ သားသမီးကို နားလည်အောင် ဖျောင်းဖျတတ်ရမယ်လေ။ သားတို့ သမီးတို့လေးတွေကလည်း အားငယ်စိတ်ကို အစွမ်းကုန် တွန်းလှန်ပစ်ကြရမယ်။ မင်းတို့လေးတွေအရွယ်ဟာ အညွန့်တလူလူနဲ့ အင်အားတွေ အများကြီးရှိတဲ့ အရွယ်ပါ။ ကိုယ့်အားကိုယ်ကိုးတတ်အောင် လေ့ကျင့်ယူကြရမှာပေါ့။

တကယ်တော့ အားငယ်တယ်ဆိုတာ နားမလည်တာပါပဲ။ ကိုယ့်ဘဝကိုယ် နားလည်သူဟာ ရောင့်ရဲတတ်တယ်၊ တင်းတိမ်တတ်တယ်၊ ချွေတာတတ်တယ်။ အဲဒီလို ရောင့်ရဲတင်းတိမ် ချွေတာရင်းက ကိုယ့်ဘဝကိုယ် မြင့်မားအောင် ကြိုးစားကြရမယ်။ ကိုယ့်ဘဝကိုယ် သိမ်ငယ်တဲ့စိတ်နဲ့ အားမလိုအားမရ ဖြစ်နေမယ်ဆိုရင်တော့ ဘယ်လိုမှ တိုးတက်လာမှာ မဟုတ်ဘူး။

ဘဝပေးအခြေအနေ ဆိုတာကိုတော့ ဘယ်သူမှ လက်မခံချင်လို့ မရဘူးလေ။ လူတိုင်းဟာ ကိုယ့်ဘဝနဲ့ကိုယ်၊ ကိုယ့်ဝန်တာနဲ့ကိုယ်၊ ကိုယ့်အင်အားနဲ့ကိုယ် ရှိကြတာချည်းပဲ။ အားကျချင်လို့သာ ရမယ်။ အားမျှချင်လို့ မရဘူး။ သားသမီးကို ဘယ်လောက်ချစ်လှပါတယ်ဆိုဆို ကိုယ့်ဘဝနဲ့ မနီးစပ်တဲ့၊ အလှမ်းဝေးတဲ့၊ မမှီနိုင်တဲ့ ပန်းတိုင်ဆီ ရောက်အောင်တော့ ဘယ်မိခင်က တွန်းအားပေးနိုင်ပါ့မလဲ။

အဲဒီအတွက် အားငယ်ညှိုးနွမ်းနေလို့တော့ ဘဝတစ်ခုမှ အရာထင်မှာ မဟုတ်ဘူး။ သားတို့ သမီးတို့ရေ။ ဘဝဆိုတာ အဝတ်တစ်ထည်လိုပဲပေါ့။ ပြဲသွားလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ပြန်ချုပ်လိုက်၊ ချုပ်ရိုးပြေလိုက်၊ ပြန်သီလိုက်နဲ့ ဖာတစ်ရာ ထပ်နေလည်း အရှက်လုံအောင်တော့ ဝတ်နေရမှာပဲ။ ဘဝဆိုတာ လွှင့်ပစ် လွှတ်ချလို့မှ မရတာလေ။

ဒီတော့ ကိုယ့်ဘဝကိုယ် လုံခြုံခိုင်ခံ့အောင် ထိန်းသိမ်း၊ ပြုပြင်သင့်တာ ပြုပြင်၊ ပြင်ဆင်သင့်တာ ပြင်ဆင်ကြရလိမ့်မယ်။ အားမငယ်ပါနဲ့ကွယ်။ မင်းတို့ နောက်ကွယ်မှာ မိခင်ရဲ့ ချစ်ခြင်းမေတ္တာက ချည်တိုင်တစ်တိုင်၊ ချည်လုံးတစ်လုံးလို အဆင်သင့်ရှိနေပါတယ်။ အစုတ်အပြဲကို ချုပ်ဖို့၊ သီဖို့၊ ဖာထေးဖို့ပေါ့ကွယ်။

◆

## မျှဝေခံစားတတ်သူ

မိခင်ဆိုတာ သားသမီးနဲ့အတူ မျှဝေခံစားတတ်သူ ဖြစ်တယ်။ သားတို့ သမီးတို့ ငယ်ဘဝကို ပြန်သတိရမိရဲ့လား။ အန်တီ နမူနာပြောပြမယ်နော်။ အန်တီ ငယ်ငယ်ကပေါ့။ ကျောင်းက ပြန်လာရင် တစ်အိမ်လုံး နားညည်းအောင် စကားတွေ ပြောတတ်တယ်တဲ့။ ဆရာမက ဘယ်လို၊ ဘယ်သူငယ်ချင်းက ဘယ်လို၊ ဘယ်စာတွေက ဘယ်လို စသဖြင့် ဖောက်သည်ချတတ်တဲ့ အန်တီ့ကို မပျင်းမရိ စိတ်ဝင်တစား အချိန်ပေး နားထောင်တတ်သူကတော့ အန်တီ့အမေပဲ။

အဲသလိုပဲ အန်တီ့သမီးအလှည့်ကျပြန်တော့ ဘယ်ကျောင်းလေးက ဘယ်လိုစ,တတ်တယ်၊ အတန်းထဲမှာ ဘယ်သူနဲ့ ဘယ်သူ ရန်ဖြစ်ကြတယ်၊ ဆရာက ဘယ်လို ဆုံးမတယ် စတဲ့ များလှစွာသော အတွေ့အကြုံတွေကို

www.burmeseclassic.com

www.burmeseclassic.com



အန်တီ မကြာခဏ နားထောင်တတ်ရတယ်။ သမီးရဲ့ သူငယ်ချင်းတွေများဆိုရင် လူသာမမြင်ဖူးတယ်၊ နာမည်တွေက ရင်းနှီးလို့ပေါ့။ တစ်ခါတစ်ခါ သူ့စကားကြောင့် ရယ်မောလိုက်ရ၊ တစ်ခါတစ်ခါ သူ့အပြောမှာ ဒေါသဖြစ်ရ။ တစ်ခါတလေ သူ့လေသံကို ဝေဖန်လိုက်ရနဲ့ အန်တီကပဲ သူ့သူငယ်ချင်းတစ်ယောက်လို။

သားကျောင်းပြန်တော့ ကျောင်းမှာ ဘယ်ကောင်တွေက ဘယ်လို လှောင်တယ်၊ ဘယ်ကောင်တွေက ဘယ်လိုညစ်တယ်၊ ဘယ် ကောင်မလေးက စွာတယ်၊ စပ်စုတယ်၊ စီးပိုးတယ် စသဖြင့် ရင်ဖွင့်တတ်ပြန်တယ်။ သားနဲ့အတူ ဝေမျှခံစားရင်း အားပေးတဲ့အခါပေး၊ တားဆီးတဲ့အခါ တားဆီး၊ အကြံပေးတဲ့အခါပေး၊ ဆုံးမတဲ့အခါ ဆုံးမ လုပ်ရတယ်။

ဒါ မိခင်ရဲ့ဘဝပဲလေ။

သားသမီးတိုင်းဟာ ဖခင်ထက် မိခင်ကို ပိုရင်းနှီးတတ်ကြစမြဲပဲ မဟုတ်လား။ နားလည်ခံစားတတ်တဲ့ မိခင်ဆိုရင် ပိုပြီး ရင်ဖွင့်တတ်ကြတယ်။ ဒီနေရာမှာ မိခင်ရဲ့ ရပ်တည်မှုက သိပ်အရေးကြီးတာပေါ့။ သားသမီးကို စိတ်ဝင်စားမှု ပြတတ်ရမယ်လေ။ တကယ်တော့ မိခင်တိုင်းဟာ ကိုယ့်သားသမီးအကြောင်းကိုတော့ စိတ်ဝင်စားတတ်ကြစမြဲပါ။ ဒါပေမဲ့ တစ်ခါတလေ ကိုယ့်ရဲ့ အရှုပ်အထွေးကိစ္စတွေနဲ့ စိတ်မကြည်လင်တဲ့



အခါမျိုးမှာ စိတ်ပါဝင်စားဟန် မပြမိတတ်ကြတာတော့ ရှိတယ်။ ဒါကို ငါပြောတာ ငါ့အမေက စိတ်လည်း မဝင်စားဘူးလို့ ရမ်းသန်း အပြစ်မတင်လိုက်ကြနဲ့ဦး။

ကိုယ်စကားပြောတဲ့အချိန်မှာ ကိုယ့်အမေက ဘာလုပ်နေသလဲ။ ဘာလုပ်စရာရှိနေသလဲ။ အရေးကြီးတဲ့ ကိစ္စ ရှိနေသလား။ စိတ်ညစ်ညူးနေသလား။ စိတ်ရှုပ်နေသလားဆိုတဲ့ အခြေအနေကို အရင်လေ့လာကြည့်ရမယ်။ ပြောချင်တိုင်း စွပ်ပြောနေလို့ မဖြစ်ဘူး။ ဒါတောင်မှ အမေနော်။ သားတို့ သမီးတို့ လောကကြီးထဲကို ဝင်ရောက်လာတဲ့အခါ အဲဒီလောကလူသားတွေကို ပိုပြီး သတိထားရမယ်။ အခြေအနေနဲ့ အချိန်အခါကိုလည်း ကြည့်ကို ကြည့်ရမယ်။ ဘယ်လိုလူတစ်ယောက်ကမှတော့ မိခင်လောက် မျှဝေခံစားတတ်နိုင်မှာ မဟုတ်ဘူး။

ယုတ်စွအဆုံး မင်းတို့မှာ ချစ်သူ ကြင်သူ ရှိလာသည် ဖြစ်စေဦးတော့။ မင်းတို့စကားအပေါ် သာယာလာအောင် ဖန်တီးပြောမှသာလျှင် စိတ်ဝင်စားစွာ နားထောင်မှာဖြစ်တယ်။ ခရေစေ့တွင်းကျ နိစ္စဓူဝ ဖြစ်ရပ်တွေ ပြောပြနေလို့တော့ဖြင့် ပျင်းစရာကြီး ဖြစ်သွားမှာ သေချာတယ်။ ချစ်သူတိုင်းဟာလည်း မျှဝေခံစားတတ်သူ မဖြစ်နိုင်ဘူး။ စာနာနိုင်သူ၊ နားလည်ပေးနိုင်သူလောက်သာ ဖြစ်နိုင်တယ်။ ဒါကြောင့် မိခင်နဲ့တော့

www.burmeseclassic.com

www.burmeseclassic.com


ထပ်တူမပြုလိုက်ကြလေနဲ့နော်။ ဦးစားပေးဖို့ ဆိုတာ
တော့ လုံးဝဆို လုံးဝ အန်တီ ကန့်ကွက်တယ်။

အမေဆိုတာ အစားမှ မရတာပဲကွယ်။

◆



## သားစိတ် သမီးစိတ်

လောကမှာ အစားထိုးလို့ မရနိုင်တဲ့ အရာကတော့ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာပါပဲ သားတို့ သမီးတို့ရယ်။ ကိုယ့်အပေါ်မှာ အမေလောက်ချစ်နိုင်သူဆိုတာ တကယ့်ကို မရှိပါဘူး။

အဲဒီ ချစ်ခြင်းမေတ္တာဆိုတာ မင်းတို့ရဲ့ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးခြင်း၊ မင်းတို့ရှေ့က မားမားမတ်မတ်ရပ်ခြင်း၊ မင်းတို့နောက်က အားပေးကူညီ ပံ့ပိုးခြင်းဆိုတဲ့ 'ပေတံ'များနဲ့ တိုင်းတာလို့တော့ မရဘူးနော်။ အမေတိုင်းဟာ အဲဒီတာဝန်ကို ကျေချင်မှကျေနိုင်ကြမယ်။

မင်းတို့အလိုကိုမလိုက်တာနဲ့
မင်းတို့လိုချင်တာမရတာနဲ့
အမေ မပီသဘူးလို့တော့ မယူဆလိုက်ကြလေနဲ့။

အဲဒီငြင်းချက်တွေမှာ အနက်အဓိပ္ပာယ်ရှိနေမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်လို့ရင်လည်းဖြစ်မယ်

အချိန်မကျသေးလို့ရင်လည်းဖြစ်မယ်

အမှန်တကယ် မလိုအပ်လို့၊ အပိုကုန်ဖြစ်လို့၊ မသင့်လျော်လို့ ဆိုတာမျိုးတွေလည်း ဖြစ်မယ်။

ဒါကို အမျက်ယူပြီး အမေကို အမြင်စောင်းခဲ့ရင် မင်းတို့ အမှားကြီး မှားကြလိမ့်မယ်နော်။

မင်းတို့ရှေ့ကရပ်ပြီး မင်းတို့အတွက် တိုက်ပွဲဝင်ပေးဖို့ဆိုတာ အဲဒီတိုက်ပွဲရဲ့ ရလဒ်ကို အမေလုပ်သူက သုံးသပ်ကြည့်မှာပဲလေ။ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် သားသမီးအတွက် ဘာပဲဖြစ်ဖြစ် ရှေ့ကရပ်မယ် ဆိုတဲ့ အမေမျိုးလည်း ရှိတယ်။ ကလေးချင်း ရန်ဖြစ်တာကို ဝင်ပါတတ်တဲ့ အမေမျိုးပေါ့။ ဒါဟာ ချီးကျူးဂုဏ်ပြုထိုက်တဲ့အမေ မဟုတ်ပါဘူးကွယ်။ သားသမီးတွေကို မဟုတ်တဲ့အားတွေ ရမသွားစေသင့်ဘူး။ ငါတို့ ဘာလုပ်လုပ် အမေလိုက်ရှင်းမှာပဲ၊ အမေရှိတယ်ဆိုတဲ့ မမှန်ကန်တဲ့ အားကိုးမှုကြောင့် ဆင်ခြင်ချင့်ချိန်မှုဆိုတာ ရှိလာတော့မှာ မဟုတ်တော့ဘူး။ ဒါကိုတော့ အန်တီတို့ မိခင်တွေ သတိထားရမယ်လေ။

ပြီးတော့ မင်းတို့ရဲ့ နောက်မှာ အမေရှိတယ် ဆိုတဲ့ အားကိုးနဲ့ ဇွတ်တိုးမသွားကြဖို့လိုတယ်။ အစုတ်အပြတ်တွေကို အမေက ချုပ်သီပေးသည့်တိုင် အကောင်းအတိုင်း ပြန်မဖြစ်တတ်ဘူး သားတို့ သမီးတို့ရေ။



ချောက်ထဲကျသွားလို့ ပြန်ဆွဲတင်ပေးသည့်တိုင် အပွန်းအပဲ့ အထိအရှ ဒဏ်ရာတွေကတော့ သေရာပါသွားမှာဖြစ်တယ်။

အန်တီပြောတာ သဘောပေါက်အောင် စဉ်းစားကြနော်။ အရေးကြီးတာက မိမိကိုယ်ကို ထိန်းသိမ်းဆင်ခြင်တတ်ခြင်း ဖြစ်တယ်။ အဲဒီပညာကို သားတို့ သမီးတို့ တတ်အောင် သင်ရလိမ့်မယ်။

မင်းတို့ငယ်ငယ်က 'ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့' ဆိုပြီး မတ်တတ်ရပ် သင်ပေးခဲ့တဲ့ မင်းတို့ရဲ့ မေမေဟာ လဲသွားရင် အသင့်ဖမ်းဖို့ လက်ဆန့်တန်းထားလေ့ရှိတာ မှန်ပေမယ့် လောကကြီးထဲမှာ မင်းတို့ ရပ်တည်လှုပ်ရှားရတဲ့ အခါမျိုးမှာတော့ မင်းတို့မေမေ ရှေ့က နောက်က နံဘေးကနေ တစိုက်မတ်မတ် လိုက်နေနိုင်မှာ မဟုတ်တော့ဘူး။ အားချင်းကလည်း မျှချင်မှ မျှတော့မယ်။

အဲဒီအခါ မိခင်ရဲ့ ကြေကွဲဝမ်းနည်းခြင်း မျက်ရည်တွေဟာ ချစ်ခြင်းမေတ္တာရဲ့ ပြယုဂ်အဖြစ် ပေါ်ထွက်လာလိမ့်မယ်။ သမီးတို့ သားတို့ရဲ့ ဝေဒနာတွေက မိခင်ကို ကူးစက်သွားစေပြီး နာကျင်မှုကို ကာယကံရှင်နည်းတူ ခံယူသွားရလိမ့်မယ်။ သားစိတ် သမီးစိတ်နဲ့ အိပ်ရာထဲ ဗုန်းဗုန်းလဲတဲ့ မိခင်တွေ အများကြီးပဲလေ။

မင်းတို့မေမေကို အဲသလိုမဖြစ်စေချင်ဘူး မဟုတ်လား။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းကြပေတော့နော်။

www.burmeseclassic.com

www.burmeseclassic.com

## မိခင်ကိုပြန်သင်ပါ

ခေတ်ကာလ ရေစီးကြောင်း ပြောင်းလာတော့ တချို့သား သမီးတွေအတွက် အမေဆိုတာ End Date ဖြစ်နေလေရဲ့။ အိမ်ထောင်မှုဆိုတဲ့ ရိပ်သာမှာ အိမ်ထောင်ရှင်မ တရားကို ထိုင်နေရသူအတွက် လောကကြီးရဲ့ တိုးတက်မှုတွေကို မျက်စိမရှင်နိုင်ဘူးလေ။ အမေမသိတာတွေ အများကြီးရှိတယ်။

သားတို့- သမီးတို့ရေ။

အန်တီကတော့ သားတွေ သမီးတွေဆီက ပြန်လည်သင်ယူဖို့ အမြဲကြိုးစားနေခဲ့ပါတယ်ကွယ်။ သမီးပြောပြတဲ့ သူတို့လောက,က ဖြစ်ရပ်တွေ၊ အရှုပ်အထွေးတွေ၊ ပြိုင်ဆိုင်မှုတွေကို ရင်သပ်ရှုမော နားထောင်ခဲ့ပြီး 'ဒီလိုတွေ ဖြစ်နေပါပကော'လို့ သက်ပြင်းချ သဘောပေါက်ခဲ့ရတယ်။ သားပြောပြတဲ့ သူတို့ ကျောင်းသားဘဝကလည်း တို့များငယ်ငယ်ကနဲ့ တခြားစီပါပဲလား။



ဘာတဲ့…စာသင်ခန်းနဲ့ ပြင်ပကမ္ဘာ ဆက်သွယ်ပါဆိုတာ။ အန်တီတို့တုန်းကတော့ဖြင့် ဒီလိုမဟုတ်ဘူး။ ဆရာသင်တာကျက်၊ ဆရာခိုင်းတာလုပ်။ 'သင်ယူသူကိုယ်တိုင် ပါဝင်သင်ယူခြင်း'ဆိုတာ တကယ့်ကို နားမလည်ခဲ့ဘူး။

ခေတ်တွေ ပြောင်းခဲ့ပြီပဲလေ။ အရာရာ ပြောင်းလဲနေတဲ့ခေတ်မှာ လူငယ်တွေရဲ့ အတွေးအခေါ် အယူအဆတွေဟာလည်း တို့များငယ်ငယ်ကနဲ့တော့ ဘယ်တူပါတော့မလဲ။

ဒါကို အမေတိုင်း နားလည်သင့်ပါရဲ့။ ဒါပေမဲ့ နားမလည်နိုင်ကြသူတွေ ပိုများတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် သားတို့ သမီးတို့က ပြောမပြကြလို့ပေါ့။ ဘာမဆို 'အမေမသိပါဘူး'၊ 'အမေ နားမလည်နိုင်ပါဘူး'၊ 'အမေတို့ခေတ်နဲ့ တူတော့တာ မဟုတ်ဘူး' ဆိုတဲ့ အမေဖယ်ကျဉ်ရေး လမ်းစဉ်ကို ကျင့်သုံးမယ်ဆိုရင်တော့ မင်းတို့မေမေဟာ ဟိုးခေတ်နောက်က အဝေးကြီးမှာ ကျန်နေခဲ့လိမ့်မယ်။

အမေကိုသင်ပေးပါ။ အမေသိအောင် ရှင်းပြပါ။ အမေ သဘောပေါက် နားလည်နိုင်အောင် ကြိုးစားပါ။ ဒါဟာ သားတို့ သမီးတို့ရဲ့ တာဝန်ဖြစ်ပါတယ်။ သားသမီးဆိုတာ မိခင်စကားကိုသာ တစ်သဝေမတိမ်း လက်ခံနားထောင်ရမယ် ဆိုတဲ့ခေတ်က ရေစီးကြောင်း

www.burmeseclassic.com

www.burmeseclassic.com


ပြောင်းသွားခဲ့ပါပြီ။

အမေထက် သားသမီးက တစ်လမက အသက်နဲ့ အမျှ ကြီးထွားနေတဲ့ခေတ်လေ။ အမေ မင်းတို့အရွယ်က အသိဟာ အခု မင်းတို့အသိနဲ့ မင်းတို့အသက်လောက် ကိုပဲ ကွာခြားသွားခဲ့ပါပြီ။ ဒါကြောင့် 'အမေ့ထက် သားတစ်လမကြီးစေနဲ့' ဆိုတဲ့ စကားပုံဟာလည်း ပိုးစား ခြကိုက်တဲ့ စာအုပ်ဟောင်းကြီးထဲမှာ ကျန်ခဲ့ပြီ။

ဒါပေမဲ့ သားတို့ သမီးတို့ရေ...

အမေကို နားလည်စေခြင်းဟာ အမေကို ဆရာ လုပ်ခြင်းတော့ မဖြစ်စေရဘူးနော်။ 'ဒါကတော့ ဒီလို ရှိတယ်၊ အမေသာဆို ဘယ်လိုလုပ်မလဲ' ဆိုတဲ့ တိုင်ပင် အကြံတောင်းခြင်းကို ပြုရမယ်။ 'ဆုံးဖြတ်နိုင်တဲ့ စွမ်း ရည်' ဆိုတာကတော့ အသက်အရွယ်နဲ့ အတွေ့အကြုံ တွေပေါ်မှာ အခြေခံတယ်။ ဒါကြောင့် ဆွေးနွေးခြင်းနဲ့ ပူးပေါင်း အဖြေရှာရမယ်နော်။

အပေးအယူဆိုတာ အပြန်အလှန် အမှီသဟဲပြုခြင်း ဖြစ်တယ်။ မိခင်တွေဆီက မင်းတို့ယူခဲ့ကြပြီ။ ပြန်ပေး တတ်ကြရမယ်။ ဒါဟာ အမေ့ကို ဘာလုပ်လိုက်၊ ညာ လုပ်လိုက်လို့ အမိန့်ပေး တိုက်တွန်းခိုင်းတာ မဟုတ်ဘူး။ အခု ဒီလိုဖြစ်နေပြီ။ ဒါတွေ ရနေပြီ။ ဒီလိုလုပ်နိုင်နေပြီ စတဲ့ ပြောင်းလဲမှုတွေကို ချပြပေးခိုင်းတာ။ ဘယ်မိခင် ကမှ 'နင်တို့ဟာတွေက ဘာမှန်းလဲမသိပါဘူး၊ င မသိချင်ပါဘူး'လို့ မငြင်းဆန်ပါဘူး သားတို့ သမီး တို့ရေ။ အသစ် အသစ်ကို သိချင်တဲ့ သဘာဝအတိုင်း သူတို့ သေချာလေ့လာစူးစမ်းကြမှာပါ။ အဲဒီကမှ လမ်းညွှန်ပြကြမှာပါ။

တချို့မိခင်တွေများတော့ ချစ်ခြင်းမေတ္တာ ကြီးမား လိုက်ပုံက သားသမီးနဲ့အတူ အမိလိုက် ပညာသင်ယူ ကြတယ်။ တချို့ ရှေ့ကို ကြိုပြီး ပြေးထားနှင့်ကြတယ်။ အမေအမျိုးမျိုးပေါ့ကွယ်။ ဘာပဲဖြစ်ဖြစ် မိခင်ရော သား သမီးတွေပါ ပြောင်းလဲနေတဲ့ လောကကြီးဆီက ပညာ ယူနေကြရမယ့်သူတွေပါ။ ပညာချင်းဖလှယ်ပြီး လက်တွဲ ဖြေရှင်း ရင်ဆိုင်ကြရမှာပါပဲ။

◆

www.burmeseclassic.com

www.burmeseclassic.com

## ရလာခဲ့တဲ့ သံယောဇဉ်

အန့်တီ မေးခွန်းတစ်ခု ရလိုက်တယ်။ သမီးမိန်းကလေး တစ်ယောက်က မေးလိုက်တာပါ။ 'မယူချင်ဘဲ ယူလိုက်ရတဲ့ ကလေးဆိုရင် အဲဒီအမေက ဘယ်ချစ်မလဲ' တဲ့။ အန့်တီ ခေါင်းရမ်းခဲ့မိတယ်။ မဟုတ်သေးဘူး။ အဲဒီလိုတွေးလို့ မရဘူး။ ဒီမေးခွန်းက နက်နဲတဲ့အတွက် အဖြေကို သေသေချာချာ နားလည်အောင် ရှင်းပြချင်တယ်။

ရှိပါတယ်။ မယူချင်ဘဲ ယူလိုက်ရတဲ့ ကလေးဆိုတာ တကယ်ရှိပါတယ်။ တချို့ကတော့ သားသမီးများလို့၊ တချို့ကတော့ အလုပ်မှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့၊ တချို့ကတော့ ငယ်သေးလို့၊ ပညာသင်တုန်းမို့ စသည်ဖြင့်ပေါ့။ မယူသင့်တော့၊ မယူသင့်သေးလို့ မယူချင်တာမျိုး ဖြစ်တယ်။ ဒီခေတ်ကာလမှာ



တော့ မယူချင်တာကို မယူဘဲနေလို့ ရနေပါပြီ။ ထားတော့။ တချို့ ခေတ်ကို လိုက်မမီ ကျန်ခဲ့သူတွေ ရှိနေတော့ မယူချင်ဘဲ ရလိုက်တဲ့ကလေးတွေ ရှိတယ်။ ဒါပေမဲ့ ရလာမှတော့ ရင်သွေးပဲကွယ်။ ချစ်ရတော့တာပေါ့။ မိခင်ရဲ့ ပညာရေး၊ အလုပ်အကိုင်၊ စီးပွားရေးတို့မှာ အနှောင့်အယှက်တော့ ဖြစ်လာနိုင်တာ မှန်ပါတယ်။ ဒါနဲ့ပဲ မချစ်ဘဲ ပစ်ထားရမလား၊ မဖြစ်နိုင်တာပဲကွယ်။

နောက်တစ်မျိုးကတော့ ဖြစ်တတ်တယ်။

ဒီကလေးရဲ့ ဖခင်နဲ့ ပတ်သက်ပြီး အင်မတန်နာကြည်း မုန်းတီးစရာ ဖြစ်ခဲ့တဲ့ မိခင်မျိုးပေါ့။ ဒါလည်း မမွေးခင်၊ မမွေးလို့ မဖြစ်တော့တဲ့ အခြေအနေမျိုးမှာ သူတို့နှစ်ဦး 'ကွဲကြလေသတည်း' ဆိုတဲ့အခါ ခံစားရတဲ့ မိန်းမတစ်ယောက်ရဲ့ စိတ်ကို လေ့လာ သုံးသပ်ကြရမယ်။ မှန်တယ်။ အဲဒီအချိန်မှာ သူဟာ အဲဒီကလေးကို ဘယ်လိုမှ မယူချင်ဘူး။ ဒါပေမဲ့ မယူချင်လို့လည်း မရတော့ဘူး။ ယူကို ယူရတော့မယ်။

သားတို့ သမီးတို့ရေ။ အဲသလို မယူချင်ဘဲ ယူလိုက်ရပြီးမှ သဲသဲလှုပ်ချစ်ကြတဲ့ မိခင်တွေ အများကြီး ရှိပါတယ်။ 'ငါ့သား၊ သမီးလေးက ငါ့ခင်မဲ့ရှာတယ်' ဆိုတဲ့ အသိနဲ့ ရှိသမျှ မေတ္တာတွေ ပုံအော ချစ်ကြတယ်။ အဲဒီရင်သွေးနဲ့ ပတ်သက်ပြီး သူ့ရင်မှာ မာန

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အင်အားတွေ မွေးဖွားလာတော့တာပဲ။ သူ့ဘဝအတွက် အဓိပ္ပာယ်တွေ ရှိလာတဲ့ သဘောပေါ့ကွယ်။

တချို့သော မိန်းမတွေက ကလေးကို မမွေးခင်မှာပဲ ဖျက်ဆီးပစ်ဖို့ ကြိုးစားကြတယ်။ မရတဲ့အဆုံး မွေးကြတယ်။ မွေးလာတဲ့ ကလေးတွေမှာ ချို့ယွင်းချက်တွေ ပါလာတာမျိုး ရှိတယ်။ တချို့သော မိန်းမတွေကတော့ ကျိတ်မှိတ်ပြီး မွေးကြတယ်။ မွေးပြီးတဲ့အခါ စွန့်ပစ်ကြတယ်၊ ပေးပစ်ကြတယ်။ မွေးကင်းစ ကလေးတွေ ပစ်ထားသလိုမျိုး တစ်ခါတလေ တွေ့ရတတ်တယ်။

အဲဒီမိန်းမတွေဟာ အတ္တစိတ်ကြီးလွန်းပြီး အသိတရားကို တိုက်စားသွားတဲ့အတွက် ဦးနှောက်အတွေးတွေ ပျက်စီးသွားသော မိန်းမရိုင်းများဖြစ်တယ်။ ရှင်းရှင်းပြောရရင် စိတ်မမှန်သူတွေပဲ။ စိတ်မထိန်းနိုင်မှတော့ စိတ်မမှန်လို့ပေါ့။ အပြစ်မတင်ဘဲ သနားကြရလိမ့်မယ်။ သူတို့ဟာ ယဉ်ယဉ်လေးနဲ့ ရူးကြတယ်။ ခပ်ရိုင်းရိုင်း ရူးကြတယ်။ 'အရူးမ'တွေပါပဲ။ အဲဒီလို စိတ်ဖောက်ပြန်တဲ့ အရူးမမျိုး၊ မိန်းမရိုင်းမျိုးနဲ့ မိခင်တွေရဲ့ စိတ်ကို မနှိုင်းယှဉ်ကြည့်ပါနဲ့ကွယ်။ သူတို့မှာ မိခင်စိတ် မပြောနဲ့ လူစိတ်တောင်မှ မရှိကြတာပဲ။ လူ့လောကထဲမှာ ထင်ပေါ်နေတဲ့သူမျိုးလည်း မဟုတ်ပါဘူးကွယ်။

မင်းတို့ရဲ့ မိခင်တွေနဲ့တော့ ဘာမှမဆိုင်ပါဘူးနော်။



မင်းတို့ ဒီအရွယ်၊ ဒီအသက်၊ ဒီပညာရလာမှတော့ မင်းတို့မိခင်ရဲ့ အရည်အချင်းက ပေါ်လွင်နေပါပြီ။ 'ကိုယ့်ဘာသာကိုယ် ကြိုးစားခဲ့ရတာပါ။ အမေက ဘာမှ လုပ်မပေးခဲ့ပါဘူး'လို့ မငြင်းလိုက်ကြနဲ့။ မင်းတို့ ဟောသလို ကြိုးစားတည်ဆောက်နိုင်တဲ့အရွယ် ရောက်သာဖို့ မင်းတို့မိခင်ရဲ့ ရင်ခွင်က ပျိုးထောင်ပေးလိုက်တာ။

မြေခံ ရေခံမရှိဘဲ ဘယ်သူက ရေလောင်းလောင်း အပင်မပေါက်နိုင်ဘူး သားတို့ သမီးတို့ရေ။ တဖြည်းဖြည်း အရွယ်ရောက် အပင်ထွားကျိုင်းသန်မာလာတာနဲ့ အမြစ်က ဆွဲနုတ်ပြီး နေရာပြောင်းစိုက်လို့ မရဘူး။ အပင်ကြီးလေလေ မရလေလေပဲ။ အဲဒါ မိခင်နဲ့ သားသမီးတို့ရဲ့ ခိုင်မြဲတဲ့ ချစ်ခြင်းမေတ္တာ သံယောဇဉ် ပြယုဂ်ဖြစ်တယ်။ ဒါကြောင့် ယူချင်လို့ပဲရရ၊ မယူချင်ဘဲနဲ့ရရ၊ ရလာမှတော့ ရလဒ်က 'သံယောဇဉ်' ဖြစ်ရတာပဲ။ သံယောဇဉ်ဆိုမှတော့ ဆွဲနုတ်ဖြတ်ခုတ်လို့ ရနိုင်ရိုးလားကွယ်။

◆

www.burmeseclassic.com

www.burmeseclassic.com



## တမ်းတခြင်း

အန်တီ ကြားနေရပါတယ်။ အမေ့ကို တမ်းတတဲ့ တမ်းချင်း တေးသံတွေကိုလေ။ အန်တီတို့ ငယ်ငယ်က 'အမေ့အိမ်ကိုပဲ ချစ်သမီးလွမ်းပါတယ်' ဆိုတဲ့ သီချင်း။ အန်တီကိုယ်တိုင် အကြိမ်ကြိမ်ညည်းခဲ့ဖူးတယ်။ ဒီကနေ့ 'အမေ' ဆိုတဲ့ ကျေးဇူးတရားကို တခမ်းတနားနဲ့ ဂုဏ်ပြု ဂါရဝပြုနေကြတယ်။ အမေ့ကို တိုင်တည်တဲ့ သီချင်းတွေ၊ စာပေတွေ အများကြီးပေါ်ထွက်နေတယ်။ ဒါဟာ သားသမီးတွေအတွက် အမေ့တန်ဖိုး ဘယ်လောက်ကြီးမားတယ်ဆိုတာ သက်သေပြ ဖော်ကျူးကြတဲ့ အစဉ်အလာကောင်း တစ်ရပ်ပါပဲ။

မိခင်တွေ၊ ဖခင်တွေဘက်ကကျတော့ သားတွေ သမီးတွေကို ဆုံးမသွန်သင်တဲ့စာတွေ၊ အနုပညာပုံရိပ်တွေ ပြသနေကြတာကို တွေ့ရတယ်။ အန်တီကိုယ်တိုင်လည်း သမီးမှတစ်ဆင့် သမီးများဆီသို့၊ သားအတွက် သားငယ် သမီးငယ် စကားကြွယ်စေဖို့ စသဖြင့် အန်တီ တတ်အပ်တဲ့ အနုပညာနဲ့ စာပေလက်ဆောင် ပေးဖြစ်ခဲ့တယ်။

အဲဒီဖြစ်စဉ်တွေနဲ့ ကွဲပြားတဲ့ ဖြစ်ရပ်တစ်ခုကို မမျှော်လင့်တဲ့ တစ်နေ့ရာမှာ အန်တီ တွေ့ခဲ့ရတော့ သားတို့ သမီးတို့ကို ပြန်ဖောက်သည်ချချင်လာတယ်။

အဲဒါ အမျိုးသမီးကြီးတစ်ဦးက ပေးလိုက်တဲ့ အသိတစ်ခုပါပဲ။ သူ့ခမျာ သမီးတွေ သားတွေနဲ့ ဝေးရာမှာ တစ်ယောက်တည်း ဖြစ်နေချိန်ပေါ့ကွယ်။ လောကဓံရဲ့ အထုအထောင်းကောင်းမှုကြောင့် သူ့ဒဏ်ရာက တော်တော်ကြီးရှာတယ်။ အရွယ်အသက်ကလည်း ခံစားချက်ကို အားတင်းမထားနိုင်ရှာဘူး။ ခမျာ အပြင်းအထန်ဖျားပါလေရော။

တစ်ညလုံးလိုလို သူ့နှုတ်ဖျားက ညည်းတွားနေတယ်။ ဘာလဲဆိုတော့ 'သမီးရေ' တဲ့။ သမီး…သမီး… ဆိုတဲ့ သူ့ရင်ခေါင်းထဲက ထွက်လာတဲ့ အသံဟာ အန်တီ့ရင်ကိုပါ လှံနဲ့ထိုးဆွလိုက်သလို ထပ်တူ နာကျင်လိုက်ရတာလေ။

များသောအားဖြင့်တော့ သားသမီးတွေဟာ ဒုက္ခတွေ့တဲ့အခါ၊ နေထိုင်မကောင်းတဲ့အခါ အမေ့ကို တမ်းတကြစမြဲပါ။ အမေဆိုတာလည်း သက်ရှိပင်ရှားသာ ရှိပါစေ။ အပြေးအလွှား ရောက်လာစမြဲပဲလေ။

ခု သူ့ခမျာကတော့ အမေမရှိရှာတော့တဲ့ အရွယ်

www.burmeseclassic.com

www.burmeseclassic.com

အပိုင်းအခြားပေါ့။ ဒီတော့ သူတမ်းတတာ သမီး။ သူ့သမီးက ဘယ်ဆီမှာများပါလိမ့်။ အန်တီသာ စွမ်းနိုင်ရင် ချက်ချင်းပဲ ခေါ်ပေးလိုက်ချင်ပါရဲ့ကွယ်။ အဲဒီအမျိုးသမီးကြီးကို ကြည့်ပြီး အန်တီကိုယ်တိုင် မျက်ရည်ကျခဲ့ရတယ်။ မိခင်တွေရဲ့ ရင်ထဲမှာလည်း သားသမီးကို အားကိုးတမ်းတခြင်းဆိုတာ ရှိနေပါကလား ဆိုတဲ့ အသိကြောင့်ပါ။

အန်တီ တစ်ခါက ကြွေးကြော်ခဲ့ဖူးတယ်။ သားသမီး ကောင်းစားဖို့ အရေးကြီးတယ်။ တိုးတက်ဖို့ ကြိုးစားပေးရမယ်။ သူတို့ဘဝလေးတွေ လူလားမြောက်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီ ဆိုတာပဲ ကြားချင် မြင်ချင်တယ်။ ပီတိဖြစ်ချင်တယ်။ ကြည်နူးချင်တယ်။ ဂုဏ်ယူချင်တယ်။ ကိုယ့်ကို ပြန်ကြည့်ဖို့ သားသမီးတွေဆီက တစ်စုံတစ်ရာ ပြန်ရဖို့ လုံးဝ မမျှော်လင့်ဘူးလို့လေ။ မိခင်တော်တော်များများလည်း ဒီစကားမျိုး ပြောကြလိမ့်မယ်လို့ အန်တီထင်တယ်။

ဒါပေမဲ့ တကယ့်လက်တွေ့ ဒုက္ခရောက်တဲ့အခါမှာတော့ သားသမီးဆိုတာ မိခင်တွေအတွက် အားကိုးတမ်းတဖွယ်ရာ လူသားပါလားကွယ်။ နားထဲမှာလေ အန်တီ ခုထိ ကြားနေတုန်းပဲ။ သမီးရေ...အမေ့ကို ကယ်ပါဦး...ဆိုတာ။

◆



## သိပေမယ့်လည်း မသိသလို

သားတို့ သမီးတို့ရေ။

မင်းတို့ မေမေကို နလပိန်းတုံး ရိုးရိုးအအကြီးလို့ မထင်လိုက်ကြလေနဲ့နော်။ အမေ မသိပါဘူး။ ငါပြောလိုက်ရင် အမေက ယုံမှာပဲ ထင်နေကြရင် မှားလိမ့်မယ်။ အမေဆူမှာစိုးလို့ ငါးရာတန်တဲ့ပစ္စည်းကို သုံးရာပဲ ပေးတယ်လို့ လိမ်ညာပြောမိတဲ့ သားတို့ သမီးတို့အတွက် အန်တီ ဥပမာတစ်ခုပေးမယ်။

အန်တီ့သူငယ်ချင်း မိခင်တစ်ယောက် ပြောတာပါ။ ‘သိတော့ သိတယ် သူငယ်ချင်းရေ၊ သိပေမယ့်လည်း မသိသလို နေပြလိုက်တယ်။ ဒါဟာ သူတို့ ကိုယ့်ကို ကြောက်တာပဲ ဆိုတဲ့အသိနဲ့လည်း ခွင့်လွှတ်ပေးလိုက်တယ်။ နောက်တော့လည်း ကိုယ့်မှာ ကိုယ့်သားသမီး သုံးတဲ့ ပစ္စည်းဆိုရင် တက်ဈေး ကျဈေးတောင်မှ စပ်စု

www.burmeseclassic.com

www.burmeseclassic.com

စုံစမ်းတဲ့အကျင့် ရလာတယ်။ လိုလိုပိုပို ထုတ်ပေးရတော့တာပဲကွာ’တဲ့။ အဲသလိုအမေတွေ ရှိတယ်နော်။ သိကြရဲ့လား။

‘ကျွန်မတော့ သူတို့ခေတ်က ဈေးတွေ မသိပါဘူး ဆရာမရယ်၊ ဒီလောက်ပေးရတယ် ဆိုတော့လည်း ပေးလိုက်ရတာပဲ။ ဒီအမေ ရှာနေမှန်း သိတာပဲ။ ယူရက်တောင်းရက်လည်း တောင်းကြပါစေတော့။ သိတောင်မှပဲ မသိသလို နေမိလိုက်တော့တာပဲ’ဆိုတဲ့ မိခင်မျိုးလည်း အန်တီ တွေ့ဖူးတာပဲလေ။

ဒီတော့ အဓိက ဆင်ခြင်ရမှာ သားတို့ သမီးတို့ပဲကွယ်။ ပိုပြောပြော လိုပြောပြော သားတို့ သမီးတို့ လိုချင်တာတော့ ရနိုင်ခဲ့ကြတာပဲ မဟုတ်လား။ ညာတတ်တယ်ဆိုတာ မကောင်းဘူးလို့ မင်းတို့အရွယ်မှာ အန်တီ စာရွတ်ပြမနေချင်ပါဘူး။ ဒါပေမဲ့ လောကမှာ အပွင့်လင်းဆုံး ဆက်ဆံသင့်သူဟာ မိခင်သာ ဖြစ်တယ် ဆိုတာတော့ ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ အမေလောက် ခွင့်လွှတ်နားလည်ပေးနိုင်သူဆိုတာ မရှိလို့ပါ။

တိုးတက်လာတဲ့ ခေတ်စနစ်ရဲ့ အပြောင်းအလဲတွေကိုသာ အမေက ‘မသိလိုက် မမီလိုက်ရင် ရှိမယ်။ သားသမီးတွေရဲ့ စရိုက်ကိုတော့ သည်အမေက မသိနိုင်ဘဲ ရှိပါ့မလား။ သူမွေးထားတာပဲကွယ်။ ဒီသားကတော့ ပိုပြောတတ်တယ်၊ ဒီသမီးကတော့ ညာပြောတတ်တယ်။ ဒီသား ဒီသမီးကတော့ ဘယ်လိုအကျင့်ရှိတယ်၊ ဘယ်လိုစိတ်ဓာတ်ရှိတယ်၊ ဘယ်လိုဝါသနာရှိတယ် စတာတွေကို ဒီအမေက မသိဘဲနေပါ့မလား။ သိပေမယ့် မသိသလိုနေနေတာကို အပြောတ်ထင်မနေကြလေနဲ့နော်။



အန်တီကတော့ သိပေမယ့် မသိသလို မနေတတ်ဘူး။ ကိုယ်သိတာကို ထုတ်ပြောမယ်။ ဒါမှလည်း သားသမီးတွေက ပွင့်ပွင့်လင်းလင်း ဆက်ဆံရဲလာမယ်။ အဲဒီလိုယူဆတယ်။ ဆူနေ ပူနေမှ မဟုတ်ပေမယ့် နားလည်အောင်တော့ ပြောပြရလိမ့်မယ်။ ကိုယ့်မိဘရဲ့ အတိုင်းအတာ အခြေအနေကို သားသမီးတွေ သိသင့်တာပေါ့။ ငါတို့မှာ မရှိတာကို ငါ့သား၊ ငါ့သမီးတွေ သိသွားရင် အားငယ်နေရှာရော့မယ်ဆိုပြီး ဖုံးဖိထားတဲ့ မိဘတွေ အများကြီးရှိတယ်။ မသိတော့ မသိသလို သုံးမိကြတာပေါ့။ အဲဒီတော့မှ ကျိတ်ပြီး ဆင်းရဲဒုက္ခခံနေရလို့ အကျိုးမရှိနိုင်ပါဘူးကွယ်။ သားသမီးတွေ ချင့်ချိန် ဆင်ခြင်နိုင်အောင် အသိပေးရပါလိမ့်မယ်။ အဲဒီလိုပဲ သားတို့ သမီးတို့ကလည်း ကိုယ့်မိဘ အခြေအနေကို သိအောင်ကြိုးစားကြရမယ်။ အားပေးရမယ်။ ဝိုင်းဝန်းဖြေရှင်းပေးနိုင်ရမယ်။

ကိုယ့်မိဘရဲ့ အခြေအနေ သိပ်တောင့်တင်းနေတယ်ပဲထား၊ အသုံးအစွဲကြမ်းကြမ်းနဲ့ ရမ်းကားနေလို့

www.burmeseclassic.com

www.burmeseclassic.com

လည်း မဖြစ်သေးဘူး။ အရွယ်မရောက်ခင် တိုင်းတာသုံးစွဲတတ်အောင် လေ့ကျင့်ပေးရလိမ့်မယ်။ အန်တီကတော့ သိပေမယ့် မသိသလိုနေခြင်းကို အားမပေးဘူး။ သားသမီးဆိုတာ မိဘနဲ့ အရိပ်တစ်ခုအောက်မှာ အတူရှိနေကြတာ။ မရှိတာလည်း သိရမယ်၊ ရှိတာလည်း သိရမယ်။ မရှိတာသိရင် ဆင်ခြင်၊ ရှိတာသိရင်လည်း ထိန်းသိမ်းတတ်ရမှာပဲလေ။ ဒါကြောင့် ကိုယ့်မိဘ အခြေအနေကို ကိုယ်သိဖို့လိုတယ်။ မင်းတို့ကလည်း သိလျက်နဲ့ မသိသလို မနေကြလေနဲ့နော်။

◆



## သားကြီးတော့အား

တချို့သားတွေက တကယ့်အားပါပဲကွယ်။ အားများလွန်းလို့ အမေတောင်မှ လက်ဖျားခါရတယ်။ အမေကို မထိနဲ့၊ အမေနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ သည်းမခံဘူး၊ ငါ့ဘဝမှာ အမေသာ အဓိက ဆိုတဲ့ ဟာစ်ကြွေးမှုနဲ့ အမေကို သိပ်ချစ်လွန်းတဲ့ သားမျိုးပေါ့။

အဲသည်လောက်တော့လည်း မဖြစ်သင့်ဘူး သားတို့ရေ။ မင်းတို့ဘဝမှာ အမေအဓိက ဆိုတာ မှန်ပေမယ့် မင်းတို့ ရှေ့ဆက်ရမယ့် ခရီးရှည်ကြီးမှာ အမေက ရာသက်ပန် လိုက်နေနိုင်မှာ မဟုတ်ဘူး။ သားတို့မှာ ဘဝအတွက် လက်တွဲဖော်ဆိုတာ ရှိလာမယ်။ အဲဒီအခါ မလွှဲမရှောင်သာတဲ့ အတိုက်အခံကိစ္စတွေ ရင်ဆိုင်လာရလိမ့်မယ်။

အန်တီ့မှာလည်း သားတွေရှိတယ်။ အဲဒီသားတွေက ပညာသင်ဆဲပါ။ ဒါပေမဲ့ တစ်နေ့သောအခါ

www.burmeseclassic.com

www.burmeseclassic.com

မှာတော့ အန်တီ့သားတွေလည်း ဘဝတစ်ခု တည်ဆောက်ကြမယ့် ဘဝလက်တွဲဖော်ဆိုတာ ရှာလာကြမှာပဲလေ။ အဲဒီအချိန်မှာ အန်တီက အတ္တကြီးကြီးနဲ့ အမေအဓိကဝါဒကို လက်စွဲထားချင်လို့ မဖြစ်ဘူး။ အမေပဲနော်၊ ကိုယ့်သားက ကိုယ့်ကို ဦးစားပေးတယ် ဆိုတာတော့ ဂုဏ်ယူတာပေါ့၊ ဝမ်းသာတာပေါ့။ ဒါပေမဲ့ လက်မတော့ မထောင်သင့်ဘူးလေ။ အထူးသဖြင့် ကိုယ့်သားရဲ့ ပတ်သက်ဆက်နွှယ်လာသူ အပေါ်မှာ ပိုလို့တောင်မှ လက်မ မထောင်သင့်ဘူး။ အဲဒီမိန်းကလေး နေရာက ဝင်ပြီး ခံစားပေးတတ်ရလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ အန်တီကိုယ်တိုင် အဲဒီဘဝကို ဖြတ်သန်းခဲ့ရတာ မဟုတ်လား။ သားကို အချစ်ကြီးတဲ့ မိခင်နဲ့ အန်တီ ရင်ဆိုင်ခဲ့ရဖူးတာပေါ့။ လူငယ်သဘာဝ အားငယ်ခဲ့ရတယ်။ မာနတက်ခဲ့ရတယ်။ ပြိုင်ဆိုင်မိခဲ့ရတယ်။ သားဖြစ်တဲ့သူကလည်း အမေမှအမေ။ အမေအစားမရနိုင်ဘူး၊ မိန်းမက အစားထိုးယူလို့ရတယ်ဆိုတော့ ဘယ်ခံနိုင်ခဲ့မှာလဲ။ ပဋိပက္ခတွေ တဂျိမ်းဂျိမ်းပေါ့ကွယ်။

ကြည့်စမ်း...။ အခု ကိုယ့်အလှည့် ရောက်တော့မယ်။ ဒီအခါမှာတော့ ကိုယ်က အမေနေရာလေ။ ကိုယ့်ရင်ခွင်ထဲက ကိုယ့်သားကို ဆွဲထုတ်သွားတဲ့ မိန်းကလေးကို ကိုယ်က ကြည်ကြည်ဖြူဖြူ ရှိနိုင်ရမှာ၊ ဘယ်လောက်



ခက်ခဲသလဲဆိုတာ စဉ်းစားကြည့်ရင် အဖြေပေါ်တယ်။ ကိုယ့်သားတွေကလည်း အမေကို အလွန်ချစ်ကြတဲ့သားတွေ။ အမေ ရုန်းကန်အားထုတ်နေရတာတွေအတွက် အမေ့ကျေးဇူးကို တဖွဖွ ရေရွတ်နေကြသူတွေ။ သူတို့ဘဝတစ်ခု တည်ဆောက်တဲ့နေရာမှာ အမေစွန့်လွှတ်ဝါဒကိုတော့ ဘယ်တော့မှ ကျင့်ကြံမှာ မဟုတ်ဘူးလို့ အန်တီယုံတယ်။

ဒါကြောင့် ပဋိပက္ခမဖြစ်ရအောင် ထိန်းသိမ်းရမယ့်တာဝန်ဟာ အန်တီ့တာဝန် ဖြစ်နေပြီပေါ့။ တကယ်တမ်းကျတော့ နှစ်ယောက်ကြားကလူသာ ဗျာများရမှာပဲ။ အန်တီ့သားတွေကို မိန်းမနိုင်တဲ့ ယောကျ်ားတွေ မဖြစ်စေချင်သလို မိန်းမကြောက်တဲ့ ယောကျ်ားတွေလည်း မဖြစ်စေချင်ဘူး။ မိန်းမနဲ့ ယောကျ်ား ချစ်လို့ လက်တွဲထားကြတာ ဆိုမှတော့ နားလည်မှု ရှိကြရလိမ့်မယ်။ အတ္တချင်း ထိပ်တိုက်တွေ့လို့ မဖြစ်ဘူး။

ဒီတော့ အန်တီ ကြုံတွေ့ထားတဲ့ ဆုံးမစကားကိုပဲ သားတို့ သမီးတို့အတွက် လက်ဆောင်ပေးလိုက်မယ်။ သမီးတွေ မှတ်ထား။ သားတွေလည်း မှတ်ထားကြနော်။ မိခင်ကိုချစ်တဲ့အချစ်နဲ့ လက်တွဲဖော်ကိုချစ်တဲ့အချစ်ဟာ လုံးဝမတူဘူး။ အခြေခံအချက်ကတည်းက ကွဲပြားပြီးသားဖြစ်တယ်။ မတူတာနှစ်ခုကို တူအောင် မညှိကြနဲ့။ မိခင်ကို မိခင်လိုချစ်၊ မိခင်နေရာမှာသား၊ မိခင်အတွက်

www.burmeseclassic.com


အားဖြစ်ပါစေ။ အဲဒီလိုပဲ ကြင်ဖော်ကို ကြင်ဖော်လို့ချစ်၊ ကြင်ကြင်နာနာဆက်ဆံ၊ ကြင်သူအတွက်လည်း အားဖြစ်ပါစေ။ အဲဒီအတွက် မင်းတို့မှာ အားတွေပိုပြီး လိုလာမှာပဲ။ အားဖြည့်ပါ။ အားတင်းပါ။ အားချင်းမျှပါစေ။ တစ်ဖက်ကိုမှ ပိုမသာပါစေနဲ့။

ချစ်ခြင်းမေတ္တာချင်း မတူတဲ့အတွက် ပဋိပက္ခဖြစ်စရာ မလိုပါဘူးကွယ်။ သမီးတွေကလည်း နားလည်တတ်အောင် ကြိုးစားကြပါ။ အန်တို့မှာလည်း သမီးတွေရှိတဲ့အတွက် နှစ်ဖက်မျှတွေးပြီး နားလည်ပေးနိုင်မယ်လို့ ကိုယ့်ကိုယ်ကို ယူဆတယ်။ ကြိုးလည်း ကြိုးစားရမယ်။ ကိုယ့်သား၊ ကိုယ့်သမီး စိတ်ဆင်းရဲမှာတော့ ဘယ်မိခင်မှ မလိုလားကြပါဘူးကွယ်။ သူတို့လည်း ကြိုးစားကြမှာပါပဲ။ သားတို့ သမီးတို့ကလည်း ထမင်းစားချိန်မှာစား၊ ရေသောက်ချိန်မှာသောက်၊ အက္ခရာမတူဘဲ ပေါင်းမပစ်ကြနဲ့နော်။ ဟုတ်လား။

◆



## အမေ့အိမ် မဟုတ်ရင်

သားတို့ သမီးတို့ အခုနေထိုင်နေကြတာ အမေ့အိမ်နော်။ မိခင်တစ်ယောက်ရဲ့ ရင်ခွင်ဟာ အမေ့အိမ်ပေါ့။ အဲဒီနေရာမှာ မင်းတို့ ဘာတွေရကြသလဲ။ သေသေချာချာ စဉ်းစားကြည့်မိရဲ့လား။

ပထမဆုံးကတော့ လုံခြုံမှုပေါ့။ ဟိုး...ကလေးလေးဘဝက စလို့ ဒီနေ့ ဒီအရွယ်အထိ မင်းတို့အတွက် လုံခြုံမှု ပေးစွမ်းခဲ့တာ အမေ့မေတ္တာစံအိမ် ဖြစ်တယ်။ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ် မခံရအောင် အကာအကွယ်ပြုထားခဲ့တယ်လေ။ သဘာဝ ဘေးအန္တရာယ် မကြုံရအောင် သဘာဝလောကကြီးရဲ့ လှိုင်းလုံးတွေကို ကြံ့ကြံ့ခံခဲ့တယ်။

မျက်လုံးထဲမှာ မြင်ကြည့်၊ အိပ်တဲ့အခါ ယပ်ကလေး ခပ်လို့၊ အေးတဲ့အခါ စောင်ကလေး လွှားလို့၊

www.burmeseclassic.com

www.burmeseclassic.com



ဖျားတဲ့အခါ ရင်မှာထွေးလို့၊ ဆေးတိုက်တဲ့အခါ ချော့တစ်ခါ ခြောက်တစ်လှည့်၊ လမ်းသွားတဲ့အခါ ချီလို့ပိုးလို့၊ ထမင်းခွံ့ကျွေးတဲ့ အမေ၊ ရေချိုးပေးတဲ့ အမေ၊ အညစ်အကြေး သုတ်သင်ပေးတဲ့ အမေ၊ ကျောင်းလိုက်ပို့တဲ့ အမေ၊ ဘုရားလိုက်ပို့တဲ့ အမေ၊ ချိုမိုင်မိုင်သင်ပေးတဲ့ အမေ၊ အမေခေါ်တတ်အောင် သင်ပေးတဲ့ အမေ၊ ဘုရားရှိခိုးစာတွေ ချပေးတဲ့ အမေ၊ အမေ့အိမ်မှာ အမေဆောင်ရွက်ခဲ့တဲ့ အလုပ်တွေ ရေတွက်လို့ ကုန်နိုင်ပါ့မလား။

အမေ့အိမ်မှာ နေရတဲ့အတွက် ဘယ်သူကမှ မစော်ကားရဲဘူး။ ဘယ်သူကမှ မနှောင့်ယှက်ရဲဘူး၊ အမေ့သတ္တိက စောင့်ရှောက်၊ အမေ့ဂုဏ်ရည်က ကာကွယ်၊ အမေ့စွမ်းအားက တားဆီးထားခဲ့တယ်။ ဒါကြောင့် ပြောတာပေါ့။ အမေ့အိမ်ဟာ သားသမီးတွေ ဘဝအတွက် လုံခြုံမှုအရှိဆုံး ဆိုတာ။

နောက်တစ်ခုက နွေးထွေးမှုလေ။ လုံခြုံခြင်းနဲ့ ထပ်တူ နွေးထွေးခြင်းကိုလည်း အမေ့မေတ္တာက ဖန်တီးပေးနိုင်ခဲ့တယ်။ သားသမီးအပေါ် ကြင်နာတဲ့ အမေ၊ စာနာတဲ့အမေ၊ သည်းခံတဲ့အမေ၊ ခွင့်လွှတ်တတ်တဲ့အမေ၊ အနစ်နာခံတဲ့အမေ၊ စွန့်စားရဲတဲ့အမေ၊ စွန့်လွှတ်ရဲတဲ့အမေ၊ ရဲရင့်တဲ့အမေ၊ ဝေမျှခံစားနိုင်တဲ့အမေ၊ နားလည်တတ်တဲ့အမေ။ အမေ့အိမ်လောက် နွေးထွေး



လုံခြုံမှုရှိတဲ့နေရာ ရှိနိုင်ပါဦးမလား သားတို့ သမီးတို့ရေ။

နောက်တစ်ခုက ချမ်းမြေ့မှုဖြစ်တယ်။ ချမ်းမြေ့တယ်ဆိုတာ အပူအပင် ကင်းတာပေါ့နော်။ သာသာယာယာရှိတာပေါ့နော်။ ဟုတ်တယ်။ ရင်ဆိုင်ရဲတဲ့အမေ၊ တိုက်ခိုက်ရဲတဲ့အမေ၊ ခေါင်းခံရဲတဲ့အမေ၊ တာဝန်ယူရဲတဲ့ အမေ၊ တောင်းခံရဲတဲ့အမေ၊ တောင်းပန်ရဲတဲ့အမေ၊ သားသမီးစိတ်ကြည်လင် ချမ်းမြေ့ဖို့အတွက် အမေ့လောက် အားထုတ်ကြိုးပမ်းပေးနိုင်သူ မရှိပါဘူးကွယ်။ အားထုတ်တယ်၊ အားဖြည့်တယ်၊ အားပေးတယ်၊ အားတင်းတယ်၊ အားသွင်းတယ်၊ အားကုန်မောင်းနှင်တယ်။ လောင်စာကတော့ ချစ်ခြင်းမေတ္တာပေါ့ သားတို့ သမီးတို့ရယ်။

အဲဒီလို လုံခြုံနွေးထွေး ချမ်းမြေ့တဲ့ အမေ့အိမ်နဲ့တော့ ဘယ်လိုနေရာထိုင်ခင်းကိုမှ နှိုင်းယှဉ်မကြည့်ကြလေနဲ့။ နှိုင်းယှဉ်မယ့်သူရဲ့ အမှားပဲဖြစ်လိမ့်မယ်။ 'ငါ့အမေသာဆိုရင်'၊ 'ငါ့အမေ လုပ်သလို'၊ 'ငါ့အမေအတိုင်း'၊ 'ငါ့အမေရှိမှ'ဆိုတဲ့ အမေတမ်းတ စကားများနဲ့ အမေ့အိမ်ရဲ့အဝေးမှာ ရောက်နေကြတဲ့ သားတို့သမီးတို့ရေ၊ ဒါဟာ အမေ့အိမ် မဟုတ်ကြောင်း ဦးဆုံးသတိထားပါ။

ပြီးတော့ ဆင်ခြင်ပါ။ အမေ့အိမ်လိုတော့ ဘယ်နေရာမှ မဖြစ်နိုင်ဘူး။ အမေ့မေတ္တာလောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ မလုံခြုံစေနိုင်ဘူး။ အမေ့အကြင်နာလောက် ဘယ်သူကမှ မနွေးထွေးစေနိုင်ဘူး။ အမေ့စေတနာလောက်တော့ ဘယ်သူကမှ မချမ်းမြေ့စေနိုင်ဘူးကွယ်။ ဒါကြောင့် အမေ့အိမ်ကို တမ်းတခြင်းမှာ အမေ့အိမ်နဲ့ နှိုင်းယှဉ်ဆန္ဒပြုခြင်းမျိုး မဖြစ်ကြလေနဲ့။ အဲ့ဒီဆန္ဒ ဘယ်လိုမှ ပြည့်စေနိုင်မှာမဟုတ်လို့ပါပဲ သားတို့ သမီးတို့ရေ။

◆



## စိတ်ချင်းဆက်သွယ်မှု

မိခင်နဲ့ သားသမီးရဲ့ ကြားမှာ အံ့သြစရာကောင်းလှတဲ့ စိတ်ချင်းဆက်သွယ်မှုကို အန်တီ ကိုယ်တွေ့ကြုံလို့ ယုံခဲ့ရဖူးတယ်။ အဲဒီညက အန်တီ့နှလုံးက ဒုက္ခပေးတာပေါ့ကွယ်။ ရုတ်တရက် ထိုးအောင့်ပြီး အသက်ရှူကျပ်လာတယ်။ ရောက်တဲ့နေရာက မိသားစုရဲ့ အဝေးမှာ။ တည်းခိုနေတာက တစ်ယောက်အိပ်ခန်း။ ထိုင်မရ၊ ထမရ တော်တော်ဆိုးတဲ့ ဝေဒနာကို ခံစားခဲ့ရတယ်။ ကိုယ့်ကိုယ်ကို အားတွေပြန်တင်း၊ သားသမီးတွေကို ကျိတ်တမ်းတ၊ မရ ရအောင် ထထိုင်၊ လမ်းလျှောက်ပြီး တွေ့တဲ့လူကို အကူအညီတောင်းရတယ်။ နှစ်နာရီကျော်လောက် ချွေးသီးချွေးပေါက်ကျအောင် ကြိုးစားအားထုတ်ခဲ့ရတာလေ။ မသေလို့ပေါ့။ ညတွင်းချင်း ဆေးခန်းရောက်၊ ဆေးသွင်း လုပ်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာတော့ နေလို့သက်သာသွားတာမို့ မိသားစုကို အကြောင်းမကြားဖြစ်တော့ဘူးလေ။ မိတ်ဆွေ တစ်ယောက်အိမ်မှာ အနားယူနေခဲ့ရတယ်။ အဲဒီအချိန် မှာပေါ့ကွယ်။ အန်တီ ရှိတတ်တဲ့ လာတတ်တဲ့ နေရာ တွေကို အန်တီ့သမီးက ဖုန်းဆက်တယ်တဲ့။ ဘာဖြစ် လို့လဲဆိုတော့ အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ အမေ သေလုမျောပါးဖြစ်တယ် ဆိုပဲကွယ်။ သူ့ အိပ်မက် မက်တဲ့ညက အန်တီ ဝေဒနာရတဲ့ညပေါ့။ ကဲ... ဘယ်လောက်တိုက်ဆိုင်လိုက်သလဲ။ ဘယ်လောက် အံ့ဩဖို့ကောင်းသလဲ။

ဒါဟာ စိတ်ချင်းဆက်သွယ်မှု ဖြစ်စဉ်ပဲပေါ့။

အဲသလိုပဲ သားသမီး ဒုက္ခဖြစ်ပြီ ဆိုတဲ့အခါမှာ မိခင်ရဲ့ မသိစိတ်က အာရုံရလာတတ်တယ်။ သိပ္ပံပညာ အရ ငြင်းမယ်ဆိုရင်တော့လည်း ဒါဟာ တိုက်ဆိုင်မှု ပေါ့ကွယ်။ စိုးရိမ်ပူပန်မှုကြောင့် ဖြစ်လာတာပေါ့။ အန်တီကတော့ စိတ်ချင်းဆက်သွယ်မှုကို လုံးဝယုံကြည် တယ်။

အန်တီတို့ မိခင်တွေရဲ့ မသိစိတ်ထဲမှာ သားသမီး ဆိုတာ အမြဲရှိနေတယ်။ သားသမီးအတွက် ကြောင့်ကြ မှုတွေ၊ ပူပန်မှုတွေဟာ လုပ်ငန်းဆောင်တာ ကိစ္စတွေ အတွက် စဉ်းစားတွေးတော ဆုံးဖြတ်နေရတဲ့ စိတ် ကြောင့်သာ ငုပ်လျှိုးနေတာပါ။ အဲဒီစိတ်တွေဟာ



အိပ်ပျော်သွားတဲ့အချိန်မှာ မှေးမှိန်သွားတယ်။ ဒီတော့ ငုပ်လျှိုးနေတဲ့ မသိစိတ်က ပြန်ပြီး ထင်ပေါ်လာတယ်။ လူက အိပ်ပျော်နေတော့ အိပ်မက် ဖြစ်သွားတာပေါ့။ ထူးဆန်းတာကတော့ ကြံကြံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် သိနေတာမျိုး။ ခုနက အန်တီပြောပြတဲ့ အန်တီ့အတွေ့ အကြုံမျိုးပေါ့။ ဖြေရှင်းရ အတော်ခက်တဲ့ ဖြစ်စဉ်ပဲလေ။

အန်တီကတော့ ဒါဟာ သားသမီးနဲ့ မိခင်ကြားက ချစ်ခြင်းမေတ္တာဓာတ်ကြောင့်လို့ပဲ ယူဆတယ်။ လေထဲ မှာ ရှိတဲ့ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ ကာဗွန်ဒိုင် အောက်ဆိုဒ်တွေကမှ ဓာတ်ငွေ့မဟုတ်ဘူး။ မေတ္တာ ဓာတ်ရဲ့ အငွေ့အသက် ဆိုတာကလည်း မမြင်နိုင်ပေ မယ့် ရှိနေတယ်လေ။ အဲဒီဓာတ်ငွေ့ဟာ သားသမီးနဲ့ မိဘအကြား ဆက်သွယ်ရေးလမ်းကြောင်းကတစ်ဆင့် ကူးလူးယှက်နွယ်နေတာမျိုးပါပဲ။

သားသမီး အဆင်မပြေရင်၊ သားသမီး စိတ်မချမ်း မသာဖြစ်ရင် မိခင်တွေက အဖြေကို တန်းပြီးသိတယ်။ မျက်နှာညှိုးမှ၊ မျက်ရည်ကျမှ မဟုတ်ဘူး။ စိတ်ထဲက သိကိုသိနေတာမျိုး ရှိတယ်။ သားသမီး ပျော်ရွှင်ချမ်းမြေ့ နေရင်တော့ မိခင်က သိချင်မှ သိတယ်။ ဒါဟာ တမ်းတခြင်းနဲ့လည်း သက်ဆိုင်နေပြန်တယ်။ ဒုက္ခ တွေ့တော့ အမေ့ကို တမ်းတတယ်။ အဲဒီတမ်းတတဲ့စိတ် ဟာ အမေ့အာရုံဆီကို ကူးစက်သွားတယ်။ ချစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com


မေတ္တာ လမ်းကြောင်းအရပေါ့။

မိခင်ရဲ့ ချစ်ခြင်းမေတ္တာစွမ်းရည်ဟာ တော်တော်ကို အံ့သြစရာကောင်းတယ်လို့ပဲ အန်တီ ဆိုချင်တော့တယ်။ ဂမ္ဘီရဆန်တယ်လို့ပဲ ဆိုရမလား။ ဆေးသိပ္ပံရှုထောင့်အရပဲ ဆိုရမလား။ ဟုတ်တယ် သားတို့ သမီးတို့ရေ။ မိခင်ရဲ့မေတ္တာဟာ နီစွေးတဲ့ နှလုံးသွေးတွေကိုတောင်မှ ချိုမြဖြူစင်တဲ့ နို့ရည်ကြည်အဖြစ် ပြောင်းလဲပစ်နိုင်စွမ်းတယ်။ ဒီနေ့ ဒီအချိန်ထိ ဘယ်သိပ္ပံပညာရှင်တွေကမှ ဖြူစင်စွာ ပြောင်းလဲသွားတဲ့ အမေ့ရဲ့သွေးကို သဘာဝကျအောင် မစမ်းသပ်နိုင်ကြသေးဘူးလေ။ မမြင်ရတဲ့စိတ် ဆိုရင်တော့ ပိုလို့တောင်မှ ဝေးတာပေါ့ကွယ်။

◆

## လွှမ်းမိုးမှု

သားသမီးတစ်ယောက်အပေါ် မိခင်တစ်ယောက်ရဲ့ လွှမ်းမိုးမှုဟာ ရာခိုင်နှုန်းအများဆုံးဖြစ်တယ်လို့ ဆေးပညာ ရှုထောင့်က ဆိုတယ်။ မွေးစကပြီး အမေရှိနေသရွေ့ အဲဒီမိခင်ရဲ့ Influence ရှိနေတယ်တဲ့။ ဘာကြောင့်လဲဆိုရင် ဒီအမေဆီက ပထမဦးဆုံး သင်ယူမှုတွေ ရတယ်။ ပထမဦးဆုံး အာဟာရကိုလည်း ဒီအမေဆီကပဲ ရတယ်။

သားသမီးတွေရဲ့ အတုခိုးမှုဟာလည်း ဒီအမေဆီကပဲ ပထမဆုံးရတယ်။ အဲဒီနောက် သူတို့ဘဝလုံခြုံရေးအတွက် ဒီအမေကိုပဲ အားကိုးကြတယ်။ သူတို့ဘဝ မျှော်လင့်ချက်အတွက်လည်း ဒီအမေကိုပဲ ဆက်ပြီး အားကိုးကြတယ်။ အဲဒီတော့ မိခင်ရဲ့ လွှမ်းမိုးမှုဟာ သူ့ဘဝတစ်လျှောက်လုံးကို လွှမ်းမိုးတယ်လို့ ယူဆနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com


ခလှုတ်တိုက်ရင် အမေကို တ,တယ်ဆိုကတည်းက သူတို့ရဲ့ မသိစိတ်၊ သိစိတ်တွေမှာ အမေက လွှမ်းမိုးနေတယ်လေ။ တိုးတက်နေတဲ့ သူတွေမှာကြည့်ရင် မိခင်ရဲ့ Infactdomain ဟာ အဓိကစရိုက်တွေ ဖြစ်သွားကြတာ တွေ့ရတယ်။

Emotional
Psychological
Biological

Attachment တွေမှာ မိခင်က အများဆုံးဆိုတော့ လွှမ်းမိုးမှုဟာလည်း မိခင်ကသာ သဘာဝကျတဲ့ လွှမ်းမိုးမှု ရှိတယ်။ အဲဒီလွှမ်းမိုးမှုကို ဘယ်လိုမှ ဖယ်ရှားပစ်ဖို့ မလွယ်ဘူး။ အထူးသဖြင့် မိခင်နဲ့ လက်ပွန်းတတီး နေလာတဲ့ သားသမီးတွေမှာ ရာခိုင်နှုန်းပိုများတာကြောင့် မိခင်ရဲ့ ဩဇာက ပိုပြီးသက်ရောက်တတ်တယ်။

လွှမ်းမိုးမှုကြောင့် ရှိနေတဲ့ နှောင်ဖွဲ့မှုကလည်း အနေနီးလေလေ ခိုင်မာလေလေ၊ အင်အားကြီးလေလေ ဖြစ်တယ်။ အမေကို မလွန်ဆန်နိုင်ဘူးဆိုတဲ့ သားသမီးတွေကို အပြစ်ယူလို့ မဖြစ်ဘူး။ တချို့ ဖခင်မရှိတော့တဲ့ ကလေးတွေဆိုရင် သူတို့အမေဟာ သူတို့ဘဝရဲ့ တစ်ဦးတည်းသော မှီခိုရာ ဖြစ်နေတာကြောင့် ပိုပြီးတော့ လွှမ်းမိုးမှု အားပြင်းတယ်။

ငယ်တုန်းက သိပ်မသိသာသေးပေမယ့် တဖြည်းဖြည်း အရွယ်ရလာတာနဲ့အမျှ မိခင်ရဲ့ အယူအဆ၊ မိခင်ရဲ့ ခံယူချက်၊ မိခင်ရဲ့ သဘောထား၊ မိခင်ရဲ့ အတွေးအခေါ်တွေနဲ့ ထပ်တူနီးပါး ဖြစ်လာတယ်။ အနေနီးစပ်လေလေ ပိုပြီးတူညီလေလေပဲ။ တချို့သားသမီးတွေကျတော့ အရွယ်ရောက်လာတဲ့အခါ တစ်မြို့တစ်နေရာစီ ဖြစ်သွားတယ်။ အလှမ်းကွာသွားတယ်။ အနေဝေးသွားတယ်။ အဲဒီအခါမျိုးမှာ လွှမ်းမိုးမှုအားက ပျော့သွားတယ်။ ဒါပေမဲ့ ငယ်စဉ်က လွှမ်းမိုးမှု အကြွင်းအကျန်လောက်နဲ့တင်ပဲ အရှိန်က မသေးလှဘူးနော်။ အဲဒီအချိန်ထိ မိခင်နဲ့ စဉ်ဆက်မပြတ် တိုင်ပင်တတ်တဲ့ သားသမီးတွေလည်း အများကြီးရှိတယ်။ တချို့ဆိုရင် မိခင် မရှိတော့တာတောင်မှ အမေက မှာခဲ့တယ်။ အမေဖြစ်စေချင်တာ ဖြစ်အောင်လုပ်မယ်။ အမေ ရောက်ရာဘဝက သာဓုခေါ်နိုင်ရမယ် ဆိုတာမျိုးအထိ အမေကို နေရာပေးထားကြဆဲ ဖြစ်တယ်။

တချို့တော့လည်း ရှိပါတယ်။ အမေ့ကွယ်ရာရောက်တာနဲ့ အမေ့ဆန္ဒ ဆိုတာကို မေ့ပစ်လိုက်ကြတာမျိုးပေါ့။ အမေမှမသိဘဲ ဆိုတာမျိုးနဲ့ ကိုယ်လုပ်ချင်တာ လုပ်ကြတယ်။ အမေကို ဘယ်တော့မှ သတိရသလဲဆိုရင် ဒုက္ခတွေ့မှ၊ အခက်အခဲကြုံမှ အကျပ်အတည်းနဲ့ ရင်ဆိုင်ရမှပေါ့။ အဲဒီအခါကျမှ အမေ့ရေကယ်ပါဦး ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

အန်တီ့အနေနဲ့ကတော့ မိခင်ရဲ့လွှမ်းမှုကို အလယ်အလတ်လောက်ပဲ ဖြစ်စေချင်ပါတယ်။ လက်လွှတ်မရပ်နိုင်သေးတဲ့ ကလေးကို နံဘေးက ထိန်းပေးတဲ့သဘောမျိုးပေါ့။ လမ်းလျှောက်တတ်ကာစမှာတော့ လမ်းရှင်းလမ်းပြ လက်တွဲပေးရမှာပေါ့။ ဒါပေမဲ့ လမ်းညွှန်ပြလို့ ရလာပြီ ဆိုရင်တော့ ကိုယ်ပိုင်အခွင့်အရေးပေးရလိမ့်မယ်။ အမေက နောက်ကနေပြီး စောင့်ကြည့်နေရုံပဲ။ မိခင်ရဲ့ လွှမ်းမိုးမှုဩဇာ သိပ်ပြင်းထန်လွန်းတဲ့အခါ သားသမီးတွေရဲ့ ကိုယ်ပိုင်အရည်အချင်းတွေ မပေါ်လွင်တော့ဘူးလို့ အန်တီထင်တယ်။ ဒါကြောင့် သားတို့ သမီးတို့ကလည်း မိခင်လက်ကို တွဲရုံသာ တွဲထားပါ။ ကိုယ့်လမ်းကို ထိုးဖောက်လျှောက်ပါ။ လောကကြီးမှာ သင်ယူစရာတွေ အများကြီးရှိတာမို့ သင်ယူမှုကို နေရာပြောင်းရွှေ့ သင်ယူကြပါ။

◆



## နေရာမရတဲ့အခါ

အန်တီက အမေချစ်တဲ့ သားသမီးတွေအကြောင်းချည်း ပြောနေလို့ သားသမီးတိုင်းက အမေကို ချစ်ရကောင်းမှန်း သိလိမ့်မယ်လို့တော့ မယူဆလိုက်ကြလေနဲ့ဦးနော်။ လောကကြီးမှာ နေရာမရှိတဲ့ အမေတွေအများကြီးရှိနေတယ်။

နေရာမရှိဘူးဆိုတာ နေရာအပေးမခံရတာမျိုးပေါ့နော်။ ဒါမျိုးဟာ ဘယ်လိုမိသားစုမှာ တွေ့ရသလဲဆိုရင် ဖခင်တွေက သိပ်ကို ထက်မြက်ထူးချွန်ပြီး မိခင်က လုံးဝမှိုခိုသူ။ နေရာတိုင်းမှာ ဖခင်ရဲ့ဩဇာအာဏာကသာ အတည်ဖြစ်ပြီး မိခင်က အလွှမ်းမိုးခံရသူ။ ဖခင်ကြောင့် သားသမီးတွေ မျက်နှာပွင့်ပြီး မိခင်က အားနည်းချက်ရှိသူမျိုးပေါ့။ အဲဒီအခါမျိုးမှာ မိခင်ရဲ့နေရာဟာ ပျောက်ကွယ်နေတတ်ပါတယ်။ သားသမီးတွေကလည်း အမေ

www.burmeseclassic.com

www.burmeseclassic.com

က အရာမဝင်မှန်းသိတော့ အမေကို အားမကိုးကြတော့ဘဲ အဖေ အဓိကတွေ ဖြစ်ကုန်ကြတယ်လေ။

ဘယ်လောက် သနားစရာကောင်းလိုက်တဲ့ မိခင်များပါလဲ။ အနာခံ မေတ္တာတွေနဲ့ရင်းပြီး အသက်လုမွေးခဲ့ရတဲ့ အမေဟာ သားသမီးတွေအတွက် နေရာမရနိုင်တဲ့ အဖြစ်လေ။ ခင်ပွန်းကိုမှ ကြောက်ရရွံ့ရ၊ ရှိသေရလေးစားရ၊ ခင်ပွန်းရဲ့မျက်နှာကို ကြည့်ပြီး ဆန္ဒမှန်သမျှ ချိုးနှိမ်အောက်ကျို့လာခဲ့ရသူဟာ မွေးလာတဲ့ သားသမီးတွေ အရွယ်ရောက်လာပြန်တော့ နေရာအပေးမခံရသူ ဖြစ်ရပြန်တယ်လေ။

သားတို့ သမီးတို့ရေ။

မင်းတို့ရဲ့ ဖေဖေမှာ ဘယ်လောက် ကြီးကျယ်မြင့်မြတ်တဲ့ ဂုဏ်သိက္ခာတွေ ရှိနေပါစေ၊ မင်းတို့ဖေဖေရဲ့ အရိပ်က ဘယ်လောက် လုံခြုံအေးမြပါစေ၊ အမေရဲ့ ချစ်ခြင်းမေတ္တာကိုတော့ ဥပေက္ခာမပြုလိုက်ဖို့ အန်တီ သတိပေးပါရစေကွယ်။ အဖေက နေရာမပေးတဲ့ အမေကို သားတို့ သမီးတို့က နေရာပေးတတ်ကြပါစေ။ အမေကို အမြဲဦးထိပ်ထားပါ။ အမေ့ရင်ခွင်မှာ မင်းတို့ ခိုလှုံခဲ့ကြရတာလေ။ ဒါကြောင့် ငယ်ဘဝကို မေ့မပစ်ကြဖို့ အန်တီ ပြောခဲ့တာပေါ့။

အန်တီက မိခင်တစ်ယောက်မို့ မိခင်တွေဘက်က တစ်ဖက်သတ် ပြောနေတာ မဟုတ်ပါဘူး။ အဖေနဲ့



အမေကို ဘယ်သူ့ကို ပိုချစ်ရမယ်လို့လည်း အန်တီ မပြောပါဘူး။ အမေကို နေရာပေးတတ်ဖို့ သတိပေးတာပါ။

လူဆိုမှတော့ အမှားဆိုတာ ရှိကြစမြဲပေါ့။ တချို့အမေတွေမှာလည်း ဘဝဖြတ်သန်းမှုကာလမှာ အမှားအယွင်း အတိမ်းအစောင်း ရှိခဲ့ကြပါလိမ့်မယ်။ ရှုံးနိမ့်မှုတွေ ကြုံခဲ့ရပါလိမ့်မယ်။ သိက္ခာကို နင်းခြေခံခဲ့ရတာမျိုး၊ ဘဝပေးအခြေအနေအရ နိမ့်ကျသိမ်ငယ်စွာ ရုန်းကန်ခဲ့ရတာမျိုး စတဲ့ အမျိုးမျိုးသော အားနည်းချက်တွေ ရှိခဲ့ကောင်း ရှိခဲ့ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါတွေဟာ သားသမီးအပေါ် ထားခဲ့တဲ့ ချစ်ခြင်းမေတ္တာနဲ့တော့ ဘာမှမဆိုင်တဲ့ ဖြစ်စဉ်တွေပါ။ တချို့များဆို သားသမီးရလာပြီးမှ သားဇော သမီးဇော ရုန်းရင်း ကန်ရင်း မှားကြယွင်းကြ၊ လဲကြပြိုကြ ဖြစ်ကြတယ်။ ဒါပေမဲ့ သားသမီးတွေက နားမလည်နိုင်ဘဲ အပြစ်တင် ရှုတ်ချကြ၊ အမေလုပ်လို့ မဖြစ်ပါဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ နေရာဖယ်ပစ်ကြပေါ့။ အဲဒီလိုအမေအမျိုးအစား အန်တီ ရင်တွေနာလိုက်တာ။ သူ့ခမျာ ဘယ်လောက် ခံစားရရှာမလဲ။

'ကျွန်မကလည်း သူတို့လေးတွေအတွက် ကြိုးစားကြည့်တာပါ။ မှားသွားတာတော့ ဘယ်တတ်နိုင်ပါ့မလဲ။ ဖအေကဆို ဆူလိုက်ကြိမ်းလိုက်တာ နေစရာကိုမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အမှားနဲ့မို့ အောင့်ခံရတယ်။ ဒါပေမဲ့ သားက နားမလည်တာတော့ သိပ်ဝမ်းနည်းတယ်။ သမီးကဆို စကားတောင်မှ မပြောဘူး’တဲ့။ အဲဒါ အန်တီ ကြားခဲ့ ဖူးတဲ့ မိခင်တစ်ဦးရဲ့ ရင်ဖွင့်စကားပေါ့။ မှားတယ်၊ အကုန်မှားတယ်။ မိခင်ရဲ့အမှားက အကြောင်းပြချက် ခိုင်လုံတဲ့ အမှားမို့ အပြစ်ကင်းတယ်။ သားသမီးတွေရဲ့ အမှားကတော့ အရက်၊ သိက္ခာ ဆိုတဲ့ အတ္တနဲ့ယှဉ်ပြီး မိခင်ကို စော်ကားခြင်းမို့ အပြစ်မကင်းတဲ့အမှားပဲ။

လူဆိုတာ အမှားနဲ့မကင်းနိုင်ဘူးဆိုတာ မှန်ပေမယ့် အပြစ် ကင်းတဲ့အမှား၊ ရိုးရိုးသားသား မှားတာပဲ ဖြစ်သင့်တယ်။ အပြစ်မကင်းတဲ့ အမှားကို မကျူးလွန် သင့်ဘူး သားတို့ သမီးတို့ရေ။ ဒီဥပမာလေးကို သေချာ မှတ်ပြီး ရှောင်ကြဉ် ဆင်ခြင်ကြပါလို့ သတိပေးထား ချင်ပါတယ်။ တိုက်ဆိုင်လာရင် သတိရပါကွယ်။

◆



## အပြစ်တင်ခံရတဲ့မိခင်

အန်တီတွေ့ဖူးပါသေးတယ်။ အမေကို အပြစ်တွေ တင်ပြီး ဆူနေပြောနေတဲ့ သားသမီးမျိုးလေ။ တချို့များ တကယ့်ကို အံ့သြစရာလည်း ကောင်း၊ ကြောက်စရာ လည်း ကောင်း၊ ဝမ်းနည်းစရာလည်း ကောင်း၊ ဒေါသ ထွက်စရာလည်း ကောင်းလှတယ်။

အင်မတန် စရိုက်ကြမ်းတဲ့ မိသားစုထဲမှာဆိုရင် မိခင်ကို ‘ငါ’နဲ့ကိုင်ပြီး ဆဲဆိုတဲ့ သားသမီးတွေရှိတယ်။ ဘဝကံကမှ နံ့ချာပါတယ်ဆို အခုလို ပြုမူပြောဆိုနေ မှတော့ ဒီဘဝမှာလည်း ဘယ်လိုများ လူလူသူသူနဲ့ လူရာဝင်လာပါတော့မလဲကွယ်။

အမေကိုများ ကိုယ့်ရဲ့လက်အောက်ငယ်သားလို ဆူပြော နေလိုက်တာ ရစရာမရှိ၊ ထ...ရိုက်ရုံတစ်မယ် သားသမီးတွေလည်း ရှိကြသေးတယ်။ ငါရှာကျွေး

www.burmeseclassic.com

နေတာ၊ ငါက အိမ်ထောင်ဦးစီး၊ ငါ့စကားသာ အတည်၊ ငါနိုင်းတာ အမေလုပ်ရမယ်ဆိုတဲ့ 'အမေနေရာ'ကို မေ့နေတဲ့ သားသမီးတွေပါပဲ။ ရှိတယ်။ လောကမှာ တကယ့်ကို အများကြီးရှိတယ်။

အဲဒါ မင်းတို့လေးတွေ မဖြစ်ကြစေနဲ့နော်။

'ဒီဟင်းကြီး မကြိုက်ပါဘူးဆိုမှ ဒါချည်း ချက်နေတာပဲ'

ဆိုတဲ့ ချေးများတဲ့ သားသမီးတွေ။ အမေကို အပြစ်တင်မယ့်အစား ပတ်ဝန်းကျင်ကို လေ့လာကြပေဦး။ အမေတွေရဲ့ တစ်နေ့တာ ချင့်ချိန်သုံးစွဲနေရတဲ့ ကုန်ဈေးနှုန်းကိုလေ။ အမေဆိုတာတော့ သားသမီးကို ဆီဦးထောပတ်နဲ့ ကျွေးချင်သူချည်းပဲ။ မတတ်နိုင်လို့ ခြိုးခြံရတာ အပြစ်တင်မနေကြလေနဲ့။ ကျောင်းစာအုပ်ကလေးတွေကနေ မျက်လုံးကို ခဏခွာပြီး လေ့လာကွင်းဆင်းကြည့်လိုက်ကြဦး။

'ဒါလုပ်ပေးထားပါ ဆိုရက်သားနဲ့'၊ 'အမေပဲ လိုက်ပို့မယ် ပြောထားပြီး ကတိမတည်ဘူး'၊ 'အမေ့စကားတော့ လေနဲ့စားရမှာပဲ'ဆိုတဲ့ အပြောတွေနဲ့ မင်းတို့ ယဉ်ပါးနေကြသလား။ ပြောလို့သာ ပြောရတာ။ အန်တီတောင်မှ အဲဒီအခြေအနေတွေနဲ့ သိပ်မလွတ်ချင်သေးဘူး။ အမေမတတ်နိုင်မှန်း သိပေမယ့် တမင်ချွဲနွဲ့ပြောတာမျိုးလည်း တချို့သားသမီးတွေ လုပ်တတ်



ကြပါတယ်။ အမေ့ကို စ,တာပေါ့။ မစ,ကြလေနဲ့ သားတို့ သမီးတို့ရေ။ နားလည်ပေးနိုင်အောင် ကြိုးစားကြ။

လောကကြီးမှာ လုပ်တိုင်းမဖြစ်၊ လုပ်ချင်တိုင်း မဖြစ်၊ လုပ်ခွင့်ရှိတိုင်း မဖြစ်တဲ့အရာတွေ အများကြီး ရှိတယ်။ မင်းတို့လေးတွေ တဖြည်းဖြည်း တွေ့လာမြင်လာကြမှာပါ။ ကိုယ်ချင်းစာတယ်ဆိုတာ စာနာစရာရှိလာမှ ပီပြင်တတ်တာမျိုးပဲ။ အသေးအမွှားလေးကိုတော့ ဘယ်မိခင်ကမှ ဗွေယူနေမှာ မဟုတ်ဘူး။ ဝမ်းနည်းကြေကွဲနေမှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ကိုယ်ဖြစ်ချင်တာ မဖြစ်ရတာနဲ့ အမေ့ကို အပြစ်ပုံချ၊ အမေ့ကို အပြစ်တင်၊ အမေ့ကို အပြစ်ယူကြတဲ့ သားသမီးမျိုးတွေလည်း အများကြီးရှိနေသေးတယ်။ 'အမေ့ကိုက အသုံးမကျတာ'၊ 'အမေလုပ်လိုက်ရင် အရာနဲ့အကြောင်းချည်းပဲ'၊ 'အမေ့အပြစ်နဲ့ အမေပဲ၊ မတတ်နိုင်ဘူး'ဆိုတဲ့ သားသမီးမျိုးတော့ မင်းတို့လေးတွေ မဖြစ်ကြစေချင်ဘူး။

အမေမှားတာရှိရင် ထောက်ပြပါ။ ရိုရိုသေသေနဲ့ ပြေပြေလည်လည် ရှင်းပြပါ။ လက်ညှိုးငေါက်ငေါက်ထိုး ဆူဆဲပြောဆိုခြင်းကိုတော့ ဘယ်တော့မှ မပြုပါနဲ့။ ယုတ်စွအဆုံး အမေက ကိုယ့်အပေါ် မှီခိုအားထားနေရသည် ဆိုဦးတော့ အမေကို ဆ[illegible] သွန်သင်ဖို့ မလို

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဘုရားရှင်တောင်မှ မိခင်ရဲ့ နို့တစ်လုံးဖိုးကိုသာ ကျေနိုင်ခဲ့တာ။ မင်းတို့လူသားတွေအတွက်ကတော့ မိခင် ကျေးဇူး နို့တစ်စက်စာ ကျေနိုင်ဖို့အတွက်တောင် မလွယ် လှဘူး။ မစော်ကားမိကြစေနဲ့ သားတို့ သမီးတို့ရေ။

အပြစ်တင်ခံရတဲ့ မိခင်ရဲ့ရင်ထဲက ခံစားချက် ဝေဒနာဟာ မင်းတို့ဘဝရှေ့ရေးအတွက် မမြင်ရသော ဆူးခြောင့်ခလုတ်တွေဆိုတာ ယုံယုံကြည်ကြည် မှတ် ထားကြစေချင်တယ်။ တကယ် ပြောတာပါ။

◆



## မိခင်ရဲ့အတ္တ

တချို့မိခင်တွေကျတော့လည်း သိပ်ပြီး အတ္တကြီး ကြပြန်ပါတယ်ကွယ်။ ဒါလည်း အများကြီးတွေ့နေရ ပါတယ်။ ငါအမေပဲ၊ ငါ့ပြောစကား နားထောင်ရမယ်၊ ငါခိုင်းတဲ့အတိုင်း လုပ်ရမယ်၊ ငါ့ဆုံးဖြတ်ချက်က အတည်ဖြစ်ရမယ်၊ ငါမွေးတဲ့မျောက်က ငါ့ပြန်ခြောက် လို့မရဘူး စသဖြင့် ငါစွဲအတ္တကြီးကြတဲ့ မိခင်တွေပေါ့။ များသောအားဖြင့် မိသားစုတစ်ခုမှာ နေရာအရဆုံး မိခင်တွေဖြစ်တယ်။ မင်းတို့မေမေ ကိုယ်တိုင်လည်း အဲဒီလိုအမေမျိုး ဖြစ်ချင် ဖြစ်နေလိမ့်မယ်။

'မိခင်စကား မြေဝယ်မကျ နားထောင်ရမယ်'ဆိုတဲ့ အစဉ်အလာကို ဆန့်ကျင်ပါလို့ မတိုက်တွန်းလိုပေမယ့် ကိုယ့်ဆန္ဒနဲ့ ဆန့်ကျင်ဘက် ဖြစ်လာတဲ့အခါမျိုးမှာတော့ မိခင်ကို ပွင့်ပွင့်လင်းလင်း ရင်ဆိုင်ကြ လို့တော့ အကြံ

www.burmeseclassic.com

ပေးချင်ပါတယ်။ အန်တီကိုယ်တိုင်ကတော့ အဲသည် မိခင်မျိုး မဟုတ်တဲ့အတွက် ပြဿနာမရှိနိုင်ဘူးလို့ ခုည ထင်နေတုန်းပဲ။ ဒါလည်း အန်တီများ လက်တွေ့ ရင်ဆိုင်လာရတဲ့အခါ သိလာမှာပေါ့လေ။

အန်တီကတော့ သမီးနဲ့ သားကို လမ်းဖွင့်ပေးထား ပါတယ်။ ဆန္ဒကို မချိုးသိပ်၊ မချိုးနှိမ်ဘဲ ဖွင့်ပြောဖို့ပါ မင်းတို့လည်း မင်းတို့မေမေက ဘယ်လိုစရိုက်မျိုးရှိပါစေ ပွင့်လင်းကြစေချင်ပါတယ်။ အမေကို ကြောက်စရာ မလိုပါဘူး။ ဘယ်အမေကမှ မင်းတို့ဘဝ ပျက်အောင် မလုပ်ပါဘူး။ သူ့ဆန္ဒနဲ့ မကိုက်ညီဘူး ဆိုတဲ့အခါ မင်းတို့ ကြိုးညှိကြရမှာပေါ့။ အကြောင်းနဲ့ အကျိုး ဆက်စပ်ကြည့်ရမှာပေါ့။ ဘယ်လိုမှ အမေက လက်သ မခံနိုင်ဘူးဆိုတဲ့အခါ ပထမဆုံး မင်းတို့ဆန္ဒကို ချိုးနှိမ် ကြည့်ပါ။

မင်းတို့ကိုယ်တိုင် သိပ်ဆန္ဒပြင်းပြနေတယ်ဆိုရင် အမေ့ကို အတတ်နိုင်ဆုံး စည်းရုံးပါ။ ထောင်မြင် ရာ ဆိုသလိုပေါ့။ ဒါကို ခွင့်ပြုနိုင်ဖို့ ဟိုဟာတွေကိုစွန့်လွှ ပစ်ရမယ်။ ဥပမာ-ဆိုင်ကယ် လိုချင်ရင် အချိန်မ အိမ်ပြန်ရမယ်။ ဒီသဘောမျိုးပေါ့။

မင်းတို့အမေနဲ့ မင်းတို့ဟာ မင်းတို့လေး ဒီအရွယ်အသက်ရောက်ခဲ့တဲ့အထိ အတူနေထိုင်လာခဲ့ တာပဲ။ အမေ့အကြိုက်ကို သားသမီးကလည်း သိ



ရမယ်။ အမေဆိုတာက သူတို့ရင်ခွင်ကနေ သူတို့ သားသမီးကို ဆွဲထုတ်မယ့် ဘယ်လိုဖြစ်စဉ်မျိုးကိုမဆို ဆန့်ကျင်ချင်စိတ်ရှိကြစမြဲပဲ။ အတ္တကြီးတဲ့ မိခင်တွေက ပိုဆိုးတာပေါ့။ ဒီလိုမိခင်မျိုးကို စည်းရုံးဖို့က ပိုပြီးခက် တယ်။ ဇွဲရှိရမယ်။ အချိန်စောင့်ရမယ်။ ရေလာအောင် မြောင်းဖောက်တတ်ရမယ်။ အတိုက်အခံ သွားလုပ်လို့က တော့ ပြဿနာပဲ။ မင်းတို့ တစ်သက်လုံး စိတ်ချမ်းသာ ရမှာ မဟုတ်ဘူး။

အိမ်ထောင်ရေးပြဿနာဆိုရင်တော့ အဆိုးဆုံးပဲ ပေါ့ကွယ်။ အမေသဘောမတူလည်းနေ၊ ကိုယ်ချစ်ရင် ကိုယ်ယူမှာပဲဆိုတဲ့ ခံယူချက်ကို အန်တီ အပြစ်တော့ မပြောလိုပါဘူး။ ဒါပေမဲ့ အဲဒီအိမ်ထောင်ရေးကတော့ ချမ်းမြေ့သာယာမှာ မဟုတ်ဘူး။ သားသမီးနဲ့ မိခင် ဆိုတာ တစ်သက်လုံး အဆက်ဖြတ်ပစ်လို့မှ မရတာပဲ။ ဒေါသ အတ္တ မာနနဲ့ သားသမီးအဖြစ်က စွန့်လွှတ် လိုက်တယ် ဆိုပါစို့။

အဲဒီမိခင်ရဲ့ ရင်ထဲ ဘယ်လောက် တနုံ့နုံ့ ခံစား ရရှာမလဲ။ အစွန့်ပစ်ခံသားသမီး ရင်ထဲမှာရော ဘယ် လောက် နာကျင်ကြေကွဲလိုက်မလဲ။ အဲဒီကမှ မိခင်ကို နာကြည်းစိတ်တွေ ဝင်လာပြီး မိုက်မဲစွာ ဥပေက္ခာ ပြုလိုက်ကြပြီ ဆိုပါတော့။ သူ့ဘဝ ကြည်နူးချမ်းမြေ့ နိုင်ပါ့မလား။ မိခင်ရဲ့မေတ္တာနဲ့တော့ ဘယ်မေတ္တာကမှ

www.burmeseclassic.com

www.burmeseclassic.com


မယုဉ်သာဘူးနော်။ 'အချစ်'ကို သွေးရူးသွေးတန်းနဲ့ ကိုးကွယ်မပစ်လိုက်ကြနဲ့။

ဒါကြောင့် မိခင်ရဲ့ ခွင့်ပြုသဘောတူမှုကို အရယူပြီးမှသာ ဘဝတစ်ခု တည်ဆောက်ကြစေချင်တယ်။ အဲဒီ သဘောတူ ခွင့်ပြုခြင်းမှာ ကျေနပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ့်ဘက်က အတတ်နိုင်ဆုံး ဦးညွှတ်တောင်းခံကြစေချင်တယ်။ ဖွတ်အမမွဲ အတိုက်အခံ မပြုစေချင်ဘူး။ ဘယ်လောက် အတ္တကြီးတဲ့မိခင် ဖြစ်ပါစေ။ ကိုယ်ဖြစ်လိုရာ မဖြစ်ရလို့ ဘယ်လောက် ဒေါသထွက်နေပါစေ သားသမီးရဲ့ မျက်ရည်နဲ့ ဖွဲ့ကို မိခင်မေတ္တာက တင်းမခံနိုင်ပါဘူးကွယ်။ အဲဒါ ယုံပါ။

◆

## သာတူညီမျှမေတ္တာ

မိခင်ရဲ့ ချစ်ခြင်းမေတ္တာကို ချိန်ခွင်လျှာပေါ်တင်ပြီး တွက် ချက်တတ်ကြတဲ့ သားတို့ သမီးတို့ရေ။ ချိန်ခွင်ပေါ်က ပြန်ချလိုက်စမ်းပါ။ မိခင်မေတ္တာဆိုတာ ဘာနဲ့မှ ချိန်စက်လို့မရတဲ့ အနန္တ မို့ပါကွယ်။ အထူးသဖြင့် မောင်နှမချင်းချင်း ဘယ်သူ့ကိုတော့ အလေးသာတယ်ဆိုတဲ့ ပြိုင်ဆိုင်မှုမျိုးနဲ့ အမေ့မေတ္တာကို အလေးမထိုးကြလေနဲ့။

ဒီအမှားမျိုး အန်တီကိုယ်တိုင် မှားခဲ့ဖူးတယ်။ ဒါပေမဲ့ တကယ့်မိခင်ဘဝကို ကိုယ်တွေ့ကြုံလာရတဲ့ အခါ အဲဒီအမှားကို ကွက်ကွက်ကွင်းကွင်း မြင်လာတယ်။ အန်တီ့မေမေက အေးတယ်ကွဲ့။ အန်တီတို့ကို တစ်ခါမှ ရှင်းမပြခဲ့ဘူး။ သူချစ်တာကို သူ့ရင်ထဲမှာပဲ ထားတတ်တဲ့ အမေမျိုးပေါ့။ အန်တီကတော့ ကိုယ့် အဖြစ်ကို သင်ခန်းစာယူပြီး အန်တီ့သားသမီးတွေကို

www.burmeseclassic.com

ခဏ ခဏ ရှင်းပြလေ့ရှိတယ်။ လက်တွေ့လည်း ပြတယ်။

မှင်းတို့လေးတွေကိုလည်း အန်တီပြောပြချင်တယ်။

မိခင်ဆိုမှတော့ ဘယ်သားသမီးကိုမဆို သူ့ဝမ်းနဲ့ လွယ်ပြီး မွေးခဲ့ရတာချည်းပဲလေ။ အကြီးလည်း အကြီးမို့ ချစ်တာပဲ။ အငယ်လည်း အငယ်မို့ ချစ်တာပဲ။ အလတ်ကျတော့လည်း အလတ်မို့ ချစ်တာပဲ။ ဘယ်သူ့ကိုမှ မပိုဘူးဆိုတာ ရင်ထဲ အသည်းထဲအထိ မှတ်ထားပါ။

လိုအပ်မှုများတဲ့ သားသမီးကို ပံ့ပိုးမှု များများပေးဖြစ်တာနဲ့ ကျန်းမာရေး အားနည်းတဲ့ သားသမီးကို ယုယမှု ပိုပြီးပေးဖြစ်တာနဲ့၊ ထူးချွန်တဲ့ သားသမီးကို အားပေးဂုဏ်ပြုရတာနဲ့ မိခင်ရဲ့ ချစ်ခြင်းမေတ္တာကို မတိုင်းတာကြလေနဲ့။ မိခင်ဆိုတာကတော့ ဖြည့်ဆည်းစရာရှိရင် ဖြည့်ဆည်း၊ ထွေးပိုက်ယုယဖို့လိုရင်ယုယ၊ ချီးကျူးဂုဏ်ပြုဖို့လိုရင် ဂုဏ်ပြု၊ ပံ့ပိုးကူညီဖို့လိုရင် ကူညီ၊ အားပေးမြှင့်တင်ဖို့လိုရင် အားပေးရမှာပဲ။ ဒါဟာ မေတ္တာပိုခြင်း မဟုတ်ဘူး။

အကြီးဆုံးမို့ အားကိုးတယ်၊ အငယ်ဆုံးမို့ အလိုလိုက်တယ်၊ လိမ္မာလို့နေရာပေးတယ်၊ ဆိုးပေလို့ ဆုံးမတယ်၊ အရွယ်ရောက်လို့ ချုပ်ချယ်တယ်။ ပညာတတ်ဖို့ ကြပ်မတ်တယ်ဆိုတာတွေတော့ ရှိမှာပဲ သားတို့ သမီးတို့ရေ။ သူ့အခြေအနေနဲ့သူ သားသမီးတိုင်းအပေါ် လိုသလို လက်လှည့်ပေးရမှာက အိုးထိန်းသည် မိခင်တွေရဲ့ တာဝန်ဖြစ်တယ်။

ငါ့ကိုတော့ မချစ်ဘူး၊ သူ့ကိုတော့ ပိုချစ်တယ်၊ အမေက မျက်နှာလိုက်တယ်ဆိုတဲ့ အမြင်မျိုး သားသမီးတော်တော်များများမှာ ရှိကြတယ်။ တချို့အမေတွေကတော့ ကိုယ့်ကိုယ်ကို နားမလည်ကြတာ ထင်ပါရဲ့။ 'ငါကတော့ သားကြီးမှ ချစ်တာ'၊ 'ငါ့သမီးလေးပဲ ငါချစ်တယ်'၊ 'ဒီကောင်လား ပြောမရလို့ စိတ်ကုန်နေပြီ'၊ 'အဲဒီသမီးတော့ လက်လန်လွန်းလို့ စိတ်ပျက်ပါတယ်' စသဖြင့် ထုတ်ဖော်ပြောတတ်ကြတယ်။ ကြားရတဲ့ သားသမီးက အမေကို စိတ်နာကြပါလေရော။ တကယ်တော့ ဒါဟာ ပါးစပ်ထဲတွေ့တာ လျှောက်ပြောကြတာပါကွယ်။ ကိုယ့်သား ကိုယ့်သမီးပဲ မချစ်ဘဲနေမလား။ မေတ္တာကတော့ တန်းတူရှိတာပဲပေါ့။

အတူနေရလို့ သံယောဇဉ်ပိုတယ်၊ ခွဲနေရလို့ ပိုပြီးသနားတယ်၊ လုပ်ကိုင်ကျွေးလို့ အားကိုးတယ် ဆိုတာတွေတော့ ရှိကောင်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ မေတ္တာတရားကတော့ အတူတူထားတာပါပဲ။ ထင်သာတာကတော့ ဒုက္ခတွေ့တဲ့အခါပေါ့ကွယ်။ သားသမီး ဒုက္ခတွေ့ပြီ ဆိုတာနဲ့ ဟိုလူမို့ ဒီလူမို့ လျစ်လျူရှုမယ်ဆိုတာ ဘယ်မိခင်မှာ ရှိမှာတဲ့တုံး။

ဒါကြောင့် မောင်နှမချင်းလည်း ငြိုငြင်မငြင်းကြနဲ့။



www.burmeseclassic.com

www.burmeseclassic.com


အမေ့ဆိုလည်း ပြိုင်မလုကြနဲ့။ သူလိုတဲ့အခါ သူရပါစေ။ ကိုယ်လိုတဲ့အခါ ကိုယ်ရရင် ကျေနပ်ပါ။ လိုအပ်ရင် ပိုတတ်တဲ့ မိခင်ရဲ့ စောင့်ရှောက်မှုဟာ အချိန်အခါကို လိုက်ပြီး ပြောင်းလဲတတ်ပါတယ်။ ဒါပေမဲ့ မိခင်ရဲ့ရင်ထဲက ချစ်ခြင်းမေတ္တာကတော့ ဘယ်ခါမှ မပြောင်းလဲ၊ သာတူညီမျှ စီးဆင်းနေမှာပါပဲကွယ်။

◆

## ပူပန်စိတ်

မိခင်တိုင်းမှာရှိနေတဲ့စိတ်ဟာ ပူပန်စိတ်ပါပဲ။ ပူပန်တယ်ဆိုတဲ့ စိတ်ဟာ မိခင်တစ်ယောက်ရဲ့ မြင့်မြတ်တဲ့ လူမီသခြင်းကို ပိုလို့ အရောင်တောက်ပြောင်စေခဲ့တာပါ။

သားသမီးတွေရဲ့ နေမှုထိုင်မှု၊ စားမှုသောက်မှုတို့အပြင် အခြားအခြားသော ဗာဟိရ အမှုကိစ္စပေါင်းများစွာတွေမှာလည်း မိခင်ရဲ့ စေတနာအပူ၊ ဝေဒနာအပူ၊ သောကအပူတွေ ကပ်ငြိ တွယ်ရစ်နေခဲ့ကြပါတယ်။

ဧကရာဇ်ဘုရင်တစ်ပါးဟာလည်း အမေအတွက်တော့ ပီဘိ ကလေးငယ်လေး အလားပါပဲ။ ရေမြေကို ပိုင်စိုးလို့သာ ဘုရင်မင်းတရားကြီး ဖြစ်ခဲ့ရပေမယ့် အမေနဲ့ အမေရဲ့ပူပန်ဓာတ် သက်ရောက်ခံရခြင်းကိုတော့ သူ ရုန်းဖယ်လို့ မရနိုင်ပါဘူး။

အမေ့ရဲ့ စိုးရိမ်လွန်ကဲမှုနဲ့ ပူပန်တတ်တဲ့စိတ်ဟာ မေတ္တာတရားရဲ့ အနန္တ တန်ခိုးတော်ကြောင့် သားသမီး

www.burmeseclassic.com

www.burmeseclassic.com

တွေအပေါ်ကို အေးမြငြိမ်းချမ်းစွာ ကျရောက်လာပါတယ်။ (အမေကိုယ်တိုင်ကတော့ ပူလောင်ကျွမ်းရင်းနဲ့ပေါ့) ဒါဟာ တကယ်တော့ အမေရဲ့ ရုပ်ပြသက်သက်၊ ဟန်ပြသက်သက်၊ သရုပ်ဆောင်ကွက်တွေ မဟုတ်ပါဘူး။ သားသည်မိခင်တစ်ယောက် ဖြစ်သွားပြီဆိုတာနဲ့ သဘာဝတရားက တစ်ချက်လွှတ် အပ်နှင်းလိုက်တဲ့ မဟာ့မဟာ မေတ္တာရဲ့ အခမ်းနားဆုံး အစိတ်အပိုင်းတစ်ခုလို့ ဆိုရမှာပါ။

သားအတွက်...

သမီးအတွက် အမေတွေခမျာ ပူပန်ရင်း မောရတယ်။ ပူပန်ရင်း ပြောရတယ်။ ပူပန်ရင်း သောကကြွယ်ကြရတယ်။

‘ငါ့သားလေး ဘယ်လိုနေပါလိမ့်’

‘ငါ့သမီးလေး အဆင်မှပြေရဲ့လား’ စတဲ့ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်လိုစား၊ ဘယ်လိုသွား၊ ဘာတွေလှုပ်ရှားနေကြရှာပါလိမ့်ဆိုတဲ့ မိခင်ရဲ့ပူပန်စိတ်ထုထည်ကြီးထဲမှာ သူတို့ ဘာတွေများ ပြန်ရသွားခဲ့ရလို့လဲ။

ဘာမှ ပြန်မရကြရှာပါဘူး။

ဘာမှ ပြန်မရတဲ့အတွက်လည်း သူတို့ ဘာမှ မဖြစ်ခဲ့ပါဘူး။

အမေက ပူရမှာ မကြောက်တတ်တဲ့ မဟာအမျိုးသမီးကြီး တစ်ဦးပဲလေ။ ရဖို့ မရဖို့အတွက် မျှော်လင့်



ပူပန်နေတာမှ မဟုတ်ဘဲ။ အဲဒီလို သားသမီးတွေအတွက် မပူရမှာကိုသာ သူ့ခမျာ ကြောက်ရှာတာပါ။

သားတွေ သမီးတွေ အစားမမှားဖို့၊ အသွားမမှားဖို့၊ အတုယူ မမှားဖို့၊ အပြုမူ မမှားဖို့၊ ဘယာ မမှားဖို့၊ အန္တရာယ် မများဖို့ လူတစ်လုံး သူတစ်လုံးဖြစ်စေဖို့ အမေတို့မှာ ‘ပူပန်စိတ်’နဲ့ ဦးမရွက်ခဲ့ရင် သားတို့သမီးတို့ ပန်ဆင်ရမယ့် ပန်းတွေ ဒီလောကကြီးမှာ ဘယ်ပွင့်လာနိုင်ပါ့မလဲ။ အမေတို့က အမေတို့ သဘာဝ သားသမီးတို့အတွက် ပူပန်ကြမယ်။ သားသမီးတွေကလည်း သားသမီးတို့ဘဝအတွက် အကောင်းဆုံးခံယူကြရလိမ့်မယ်။ အမေ့ရဲ့ ပူပန်စိတ်ဟာ သားသမီးတို့ဘဝ အေးမြသွားစေဖို့ပဲလေ။

အမေရဲ့ပူပန်စိတ်နဲ့ သတိပေးခဲ့တာတွေ၊ အသိပေးခဲ့တာတွေကို သားတွေ သမီးတွေက နားလည် လက်ခံတတ်ကြရလိမ့်မယ်။ ‘မေမေကလည်း သား မငယ်တော့ပါဘူး’၊ ‘ဒီလောက်တော့ သမီး သိပါတယ် မေမေရယ်’လို့ စောဒက မတက်ကြလေနဲ့ကွယ်။ ပူပန်စကားကို ခေါင်းညိတ်ရင်း ‘ဟုတ်ကဲ့မေမေ’ လို့သာ ခံယူလိုက်ကြပါ။ အဲဒီစကားမှာ အမှား မပါပါဘူး သားတို့ သမီးတို့ရေ။

သားသမီးတွေရဲ့ မိခင်ဟာ မီးတောင်ကို သန္ဓေလွယ်ထားရသူလိုပဲ။ အချိန်မရွေး ပေါက်ကွဲထွက်နိုင်

www.burmeseclassic.com

www.burmeseclassic.com


တာမို့ ပူပန်စိုးရိမ် ကြောင့်ကြခြင်းများကို ကြိုတင်ကာကွယ်၊ ပြင်ဆင်၊ သတိပေးခြင်းများဖြင့် ရင်တမမဖြစ်နေကြရသူတွေပါပဲကွယ်။

◆

## မြေပေါ်နားတဲ့ ရွှေကျေး

မိခင်တွေဟာ သားသမီးကို မြေတောင်မြှောက်ပေးသူတွေ ဖြစ်တယ်နော်။ သူတို့ဟာ မင်းတို့ရဲ့ လက်ဦးဆရာတွေဖြစ်တယ်။ သူတို့သိသမျှ၊ တတ်သမျှ၊ နားလည်သမျှကို မင်းတို့လေးတွေဆီ ဆင့်ကမ်းသင်ကြားပေးကြတယ်။ ဘဝရဲ့ အလှည့်အပြောင်းတွေမှာ အနင်းခံ၊ အနာခံ၊ အထိုးအဆွခံပြီး ပန်းပျိုးပင်လေးတွေ ရှင်သန်ဖို့အတွက် အားတင်းရင်ကော့ထားကြသူတွေမို့ မိခင်ဆိုတာ မြေဝသုန်ပဲလို့ တင်စားလိုက်ချင်တယ် သားတို့ သမီးတို့ရေ။ သားသမီးနဲ့ ပတ်သက်လာရင် မြေကြီးလို မာကြသူတွေပေါ့ကွယ်။

ဒါပေမဲ့ အဲဒီ မိခင်မြေကြီးဟာ ရွှေပင် ငွေပင်တွေကို သီးစေနိုင်သူပါ။ ကိုယ်တိုင်ကတော့ ဘဝပေးအခြေအနေအရ နုံချာဆင်းရဲချင် ဆင်းရဲမယ်၊ သား

www.burmeseclassic.com

သမီးကိုတော့ ပညာတတ်ကြီး ဖြစ်စေချင်တဲ့ အမေလေ။ ကိုယ်တိုင်က ဈေးပန်း ခေါင်းရွက် နေရပေမယ့် သားသမီး ကျောင်းတက်တာကို ဂုဏ်ယူဝင့်ကြွားတတ်တဲ့ အမေပေါ့။ အမေတစ်ယောက်နဲ့ တစ်ယောက် ရုပ်တည်မှုချင်း မတူကြပေမယ့် ရည်ရွယ်ချက်ချင်းကတော့ တူညီကြတာ ချည်းပါ။

ကိုယ့်ထက်သာစေချင်တယ်။ ကိုယ့်ထက် တတ်စေချင်တယ်။ ဒါဟာ သဘာဝလည်းကျတယ်။ ဒီနေ့ တိုးတက်ပြောင်းလဲနေတဲ့ခေတ်မှာ ရေစုန်ကိုချည်း စီးဆင်းနေလို့ မဖြစ်ဘူး။ ရေဆန်ကိုလည်း လှော်တက်ကြရမယ်။ မျိုးဆက်တစ်ခုထက် တစ်ခုက ပိုမိုထက်မြက်လာမှသာ လောကကြီးတစ်ခုလုံး မြင့်မား တိုးတက်လာမှာပေါ့။ သမားရိုးကျအတိုင်းနဲ့ကတော့ နောက်ကျကျန်ရစ်ခဲ့မှာပေါ့။

မိခင်တိုင်းကတော့ အဲသလောက်ထိ တွေးမိကြမှာ မဟုတ်ဘူးလေ။ 'ကျွန်မတို့တုန်းက မတတ်နိုင်လို့ မဖြစ်ခဲ့ရတာ၊ သားတွေ သမီးတွေ လက်ထက်မှာတော့ ဖြစ်အောင်ကို ကြိုးစားပေးရမှာပဲ' လို့ ရင့်ကျူးတတ်တဲ့ အမေတွေ တစ်ပုံကြီးပါပဲလေ။

လက်တွေ့ဘဝတွေထဲမှာလည်း အဲသလို ရုန်းကန်နေကြတဲ့ အမေတွေ အများကြီးပေါ့။

ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ထပ်မံတိုးပွားအောင် ရှာဖွေနေကြတဲ့ မိခင်တွေ၊ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ အရေးပေါင်းများစွာကို ဖြေရှင်းနိုင်ဖို့ အားထုတ်နေကြတဲ့ မိခင်တွေ၊ ဘယ်လိုမိခင်မျိုးဖြစ်ပါစေ ကိုယ့်သားသမီးကိုတော့ လက်ရှိအနေအထားထက် မြင့်မားစေချင်သူချည်းပါပဲ။



မင်းတို့ပတ်ဝန်းကျင်ကို လေ့လာကြည့်လေ။ မင်းတို့ထက် အများကြီး ချမ်းသာကြွယ်ဝတဲ့ မိသားစုက သူငယ်ချင်းတွေ၊ မင်းတို့ထက် အများကြီးနိမ့်ကျ ချို့တဲ့ မိသားစုက သူငယ်ချင်းတွေ တစ်ကျောင်း တစ်နေရာ တစ်မိုးအောက်တည်းမှာ ပညာသင်နေကြတယ်။ မိခင်လည်း မတူကြဘူး။

တချို့မိခင်တွေကတော့ ဒီနေရာကို ရောက်ရှိနေနိုင်တဲ့ သားသမီးအတွက် ဂုဏ်ယူအားရမဆုံးရှိကြတယ်။ သူတို့ဘဝကမှ မရောက်ခဲ့ရဘဲကိုး။ တချို့မိခင်တွေကတော့ ဒီနေရာနဲ့တင် အားမရဘူး။ ဒီထက် ပို၍ ပို၍ ထပ်၍ ထပ်၍ မြင့်တက်သွားဖို့ မျှော်လင့်ရည်ရွယ်ထားကြတယ်။ ကိုယ့်အသိုင်းအဝိုင်း ဆွေမျိုးတွေထဲမှာ သိပ်မြင့်မားတဲ့သူမျိုး ရှိနေရင် အဲဒီလူထက် သာစေချင်တယ်။ ထက်စေချင်တယ်။ ဒါ မိခင်ရဲ့ အတ္တနဲ့ယှဉ်တဲ့ ချစ်ခြင်းမေတ္တာပဲလေ။

မေတ္တာဆိုတာ ဖြူစင်တယ်၊ အေးမြတယ်လို့

www.burmeseclassic.com

www.burmeseclassic.com


ယေဘုယျ ပြောကြပေမယ့် မိခင်မေတ္တာမှာတော့ အတ္တနဲ့ မကင်းနိုင်ဘူး သားတို့ သမီးတို့ရေ။ ဒါကြောင့် သားသမီးအပေါ်မှာ အေးမြတဲ့ မိခင်မေတ္တာဟာ သူကိုယ်တိုင်အတွက်တော့ဖြင့် ပူပြင်းနေတာ အမှန်ပဲ။

ဖြစ်စေချင်စိတ် သိပ်ကြီးမားလေလေ အပူကြီးလေလေပေါ့ကွယ်။ အထူးသဖြင့် အဖိနှိပ်ခံ မိခင်တစ်ဦးဟာ သူ့ရင်သွေးကို သိပ်ပြီး မျှော်လင့်တတ်ကြတယ်။ ယှဉ်ပြိုင်တတ်တဲ့ မိခင်ဟာလည်း သားသမီးကို အစွမ်းကုန်တွန်းတင် အားပေးတတ်ကြတယ်။ တကယ်တော့ မိခင်မြေကြီးကလည်း ရွှေသီးစေချင်သလို မိခင်ကောင်းကင်ကလည်း ရွှေမိုးရွာစေချင်တာပါပဲ။ မိခင်တွေကိုးကွယ်။

◆

## ဦးစားပေးခြင်း

တော်တော်များများ တွေ့ရတတ်တာလေးတစ်ခုအကြောင်း ပြောပြချင်သေးတယ်။ ဒါဟာ မိခင်ရဲ့ ချစ်ခြင်းမေတ္တာအကြောင်းကို ထင်ထင်ရှားရှား ပေါ်လွင်စေတဲ့ အကြောင်းတစ်ခုပေါ့။ အရွယ်ရောက်တဲ့ သမီးတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှု၊ အရွယ်ရောက်တဲ့ သားတစ်ယောက်ရဲ့ အပြင်အဆင် အသုံးအစွဲကို ကြည့်ပြီး သူတို့ရဲ့မိခင်ကို ခန့်မှန်းမြင်လို့ မရနိုင်ဘူးဆိုတဲ့ အကြောင်းပါ။

မိခင်တွေဟာ သားသမီး ငယ်ဘဝကတည်းက အဲဒီအလေ့အထ ရှိခဲ့ကြပါတယ်။ စားစရာ သောက်စရာလေးများ ကောင်းကောင်းကန်းကန်း ချက်ထား မြတ်ထားရင် ဒါက သားဖို့၊ ဒါက သမီးဖို့ သူကတော့ အကြွင်းအကျန်ကလေးပေါ့။ အသားကျွေးပြီး အရိုးကို

www.burmeseclassic.com


မက်မက်မောမော ကိုက်တတ်ကြတဲ့ အမေတွေလေ။ သားတွေ သမီးတွေမသိအောင်တော့ ဖုံးဖိထားတတ်ကြတယ်။

အဝတ်အစားဆိုရင်လည်း သားသမီးကိုသာ ဦးစားပေးတတ်ကြစမြဲ။ ပြောလည်း ပြောတတ်ကြတယ်။ 'ကျွန်မတို့က ကျလူဖြစ်နေပြီ၊ သူတို့က တက်လူလေးတွေ၊ လူထဲသူထဲ တိုးသွားနေရတာ၊ မျက်နှာငယ်လို့တော့ မဖြစ်ဘူး' ဆိုတာမျိုးပေါ့။ သိပ်ပြည့်စုံချမ်းသာတဲ့ မိခင်တွေကိုတော့ မဆိုလိုပါဘူး။ သူတို့က သိပ်ပြည့်စုံလွန်းတော့ ချစ်ခြင်းမေတ္တာကို ပုံဖော်ရာမှာ ပီပီပြင်ပြင် မရှိလှဘူးလေ။ ဒါတောင်မှ ယှဉ်လာကြစတမ်းဆိုရင် ကိုယ့်ဆန္ဒကို နောက်ဆုတ်ထားတတ်ကြသေးတယ်။ တွေးကြည့်လေလေ မိခင်ကို မြတ်နိုးမိရလေလေပါပဲ။

သိပ်မပြည့်စုံဘဲ ရုန်းကန်နေရတဲ့ မိခင်မျိုးကျတော့ ကိုယ် မဝတ်ရ မစားရနေပါစေ၊ သားသမီးမျက်နှာသာ ကြည်လင်နေစေချင်ကြတာ၊ နေရာတိုင်းမှာ ချွေတာရောင့်ရဲနိုင်ကြသူတွေ ဖြစ်တယ်။ 'အမေကလဲဗျာ၊ ဒါကြီးနဲ့တော့ မလိုက်ပါနဲ့၊ ကောင်းကောင်းလေး ဝတ်ခဲ့စမ်းပါ' ဆိုတဲ့ သားတွေ၊ 'သားအမေလို့ ပြောရင်တောင် လူတွေ ယုံမှာမဟုတ်ဘူး၊ အမေကလည်း မှင်နဲ့ နေစမ်းပါ' ဆိုတဲ့ သားတွေ၊ 'ငါ့အမေလည်း သနားပါတယ်၊ သမီးချည်း ဝတ်နေတာနဲ့ အမေ့မှာတောင် ဝတ်စရာမရှိတော့ဘူး၊ ဒီတစ်ခါ အသစ်ဝယ်လေ အမေ' ဆိုတဲ့ သမီးတွေ၊ 'အမေ အဲဒီလုံချည် လက်ဆောင်ရတာလား ဟင်၊ အရမ်းလှတာပဲ၊ သမီး ဝတ်မယ်နော်' ဆိုတဲ့ သမီးတွေ။ သေသေချာချာတွေးပြီး အမေ့ကို နားလည်ပေးကြပါကွယ်။

အမေဆိုတာ မိန်းမသားတစ်ယောက်ပါ။

မိန်းမသားတစ်ယောက်ရဲ့ သဘာဝဟာ အရွယ်သုံးပါးအလိုက် လှချင် တင့်တယ်ချင်ကြစမြဲပေါ့။ ဘယ်မိခင်မှတော့ နွမ်းနွမ်းပါးပါး ဝတ်စားဆင်ယင်ချင်မှာ မဟုတ်ပါဘူးကွယ်။ ဒါပေမဲ့ သားတွေ သမီးတွေကို ဦးစားပေးခြင်းဆိုတဲ့ သူတို့ရဲ့ ချစ်ခြင်းမေတ္တာဟာ သူတို့ရဲ့ အဆင်းသဏ္ဌာန်ကို တော်လှန်ပြောင်းလဲပစ်နိုင်ခဲ့တယ်။ 'အမေက ရပါတယ်ကွယ်'၊ 'အမေ ဒီလိုပဲ နေတတ်လို့ပါ'၊ 'အမေ့အတွက် မလိုပါဘူး' ရယ်လို့ ဆန္ဒကို ခေါက်သိမ်းပြီး ပြုံးပြုံးလေး ဆိုတတ်ကြပါတယ်။

သားတွေ သမီးတွေအတွက် ရှေ့မျက်နှာစာကို ထွက်ရတော့ မယ်ဆိုမှ ဟိုက ပြေးငှား၊ ဒီကသွားဆွဲနဲ့ ကိုယ့်ကိုယ်ကို ပုံပြန် သွင်းကြရရှာတယ်။ ဘယ်ခရီးသွားသွား ကိုယ့်အတွက်သာမပါရင် နေရတယ်။ သားတွေ သမီးတွေအတွက်ကတော့ လုံစေ့ တက်စေ့ မှာသမျှ မမေ့မကျန်ရလေအောင် သတိရှိတတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အန်တီကိုယ်တိုင် သားတွေ သမီးတွေရဲ့ မိခင်ဘဝကို ရောက်ရှိနေသူ ဖြစ်ပါတယ်။ အန်တီပြောတာကို ယုံကြည်ကြပါ။ အန်တီမှ မဟုတ်ဘူး၊ မိခင်တိုင်းရဲ့ ရင်ထဲမှာ အဲဒီစိတ်ရင်းရှိတယ်။ ဒါကို စေတနာလို့ ဆိုနိုင်တယ်။ စေတနာဆိုတာ အကျိုး တစ်စုံတစ်ရာ မျှော်လင့်ချက်မပါဘဲ ရင်ထဲက အလိုလို စီးဆင်းလာတဲ့ စမ်းချောင်းလေးပါ။ မိခင်ရဲ့ စေတနာလောက် ဖြူစင်တာ ဘယ်မှာရှိပါ့မလဲကွယ်။

မိခင်မိန်းမသားတွေဟာ ခင်ပွန်းသည်ထက် သားသမီးကို ပိုပြီး ဦးစားပေးတတ်လေ့ ရှိကြပါတယ်။ သိအောင်တစ်မျိုး၊ မသိအောင်တစ်ဖုံ သားသမီးဆန္ဒကို ပြည့်ဝအောင် ဖန်တီးကြံစည် ပေးတတ်ကြပါတယ်။ ကိုယ့်ကြောင့် လူဖြစ်လာတဲ့ ရင်သွေးအတွက် ကိုယ်က လူပြန်ဖြစ်ပေးရတာ မိခင်ပါပဲ သားတို့ သမီးတို့ရယ်။

◆

## မခွဲနိုင် မခွာရက်

မွေးကင်းစ ပိစိကွေးကလေးကစပြီး ရင်ခွင်ထဲမှာ ထွေးပွေ့ ထားခဲ့တဲ့ မိခင်ပဲကွယ်။ ကိုယ့်သားသမီးကိုယ် မခွဲရက် မခွာရက်တော့ ဖြစ်မှာပဲပေါ့။ မတတ်သာလို့သာ ခွဲထားခွာထားရတာ မေ့နေတယ်ဆိုတာ ရှိပါ့မလား သားတို့ သမီးတို့ရယ်။

အန်တို့ ကိုယ်တွေ့အရဆိုရင် အန်တီက ခြင်ထောင်ကို အော်ဒါနဲ့ချုပ်လေ့ရှိတယ်။ အကျယ်ကြီးပေါ့။ အန်တီရယ် သားနှစ်ယောက် သမီးနှစ်ယောက်ရယ် အဲဒီခြင်ထောင်ကျယ်ကြီးနဲ့ ကြမ်းပြင်မှာ ဖျာခင်းပြီး အိပ်လာခဲ့ကြတာ နှစ်ပရိစ္ဆေဒ မနည်းလှဘူးပေါ့။

သိပ်မကြာခင်မှာတော့ အန်တီကိုယ်တိုင် သားသမီးတွေနဲ့ မကြာခဏခွဲပြီး ခရီးထွက်ဖို့ ဖြစ်ခဲ့တယ်။ ခွဲရခါစကတော့ နေမထိထိုင်မသာ တတမ်းတတ

www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်ကျရတယ်။ မကြာခဏ ဖြစ်လာတော့လည်း ဒါဟာ သူတို့လေးတွေ စားဝတ်နေရေးအတွက် ငါ ရှန်းကန် လှုပ်ရှားရတာပဲဆိုပြီး ဖြေတတ်လာတယ်။ နားလည်မှု မပေးနိုင်ဘဲ အပြစ်မြင်တတ်သူကတော့ အန်တီက ရင်သွေးတွေကို ပစ်ထားတယ်ပေါ့။ ရှိစေ။ ဘယ်သူနားမလည်တာထက် ကိုယ့်သား ကိုယ့်သမီး နားလည်ဖို့ကိုပဲ အန်တီ ကြိုးစားခဲ့တယ်။

နောက်တော့ သားကြီးကို ဘော်ဒါပို့တယ်။ သူလည်း မိသားစုကို ခွဲရပြီ။ မိခင်ရဲ့ ရင်ခွင်ကို ခွဲရပြီ။ သူခံစားရမယ်။ လွမ်းမယ်။ တမ်းတမယ်။ အိမ်ပြန်ချင်လိမ့်မယ်။ မိခင်ကို မျှော်လိမ့်မယ်။ ဒီနေရာမှာလည်း သားကို နားလည်တတ်ဖို့ အန်တီ ကြိုးစားခဲ့ရပြန်တယ်။ မင်းတို့ငယ်ငယ်က သင်ခဲ့ရတဲ့ ကုဋ္ဌေရှစ်ဆယ် သူဌေးသား ကဗျာလေးကို သား မှတ်မိအောင် ပြန်ရွတ်ပြရတယ်။ အန်တီပေးနိုင်တာက ပညာအမွေသာ ဖြစ်တယ်။ သား ယူတတ်ဖို့ လိုတယ်ပေါ့ကွယ်။ လနည်းနည်းကြာလာတော့ ကျင့်သားရသွားတဲ့သားက အမေ့ကိုတောင်မှ ပြန်ဖြေသိမ့်တတ်လာတယ်။ သားအမိနှစ်ယောက် ဆုံတဲ့အခါ တင်းထားတဲ့ကြားက မျက်ရည်လည်ကြရပါတယ်။ အဲဒီမျက်ရည်ဟာ သားအတွက် အားတွေဖြစ်စေနိုင်မယ်လို့ အန်တီ မျှော်လင့်ယုံကြည်မိတယ်။



အဲဒီလိုပဲပေါ့ကွယ်။ မင်းတို့လေးတွေလည်း ခုနေအခါ (သို့တည်းမဟုတ်) တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မိခင်နဲ့ဝေးတဲ့ အရပ်ဒေသဆီကို ရောက်ရှိကောင်း ရောက်ရှိသွားနိုင်ပါတယ်။ ပညာရေးအတွက်ဖြစ်စေ၊ စီးပွားရေးအတွက်ဖြစ်စေ၊ တာဝန် ဝတ္တရားအရဖြစ်စေ မိခင်ရဲ့ အရိပ်အာဝါသအောက်က ခွဲခွာသွားရတာမျိုး ဖြစ်လာနိုင်ပါတယ်။ အဲဒီအချိန်မှာ မင်းတို့ရဲ့မိခင်ဟာလည်း မင်းတို့ကို လွမ်းဆွတ်တာသ သတိရရင်း မျက်ရည်ကျဖြစ်ပါလိမ့်မယ်။ အဲဒီမျက်ရည်ဟာ ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတဖြစ်တာမို့ မင်းတို့အတွက် အားအင်တွေ ဖြစ်လာစေချင်တယ်။

သားသမီးဆိုတာ ပိုပြီး နှလုံးသားနုနယ်တာပေါ့ကွယ်။ မိခင်ရင်ငွေ့က ဘယ်မှာ ကင်းကွာချင်ပါ့မလဲ။ 'ငါတို့ကို ခွဲထားရက်တယ်၊ ငါတို့ကို လွှတ်ရက်တယ်၊ ငါတို့ကို ပို့ပစ်ရက်တယ်' ဆိုတဲ့ မှားယွင်းတဲ့အတွေးတွေ ဝင်မလာပါစေနဲ့နော်။ အခြေအနေ၊ အချိန်အခါနဲ့ မိခင်ရဲ့ စေတနာ၊ မျှော်လင့်ချက်တွေကို မြင်အောင် ကြည့်တတ်ပါစေ။ မိခင်အနားမှာကပ်၊ မိခင်ကို ခေါင်းဝေ့ပြီး မိခင်အရိပ်ကို ခိုနေရုံနဲ့ မင်းတို့ဘဝတွေ ထွန်းပေါက်လာမှာ မဟုတ်ဘူး။ မိခင်နဲ့ခွဲရလို့ လွမ်းဆွေးပူပြင်းတဲ့ နှလုံးသားကို ဘဝတစ်ခု တောက်ပဖို့အတွက် လောင်စာအဖြစ် အသုံးချကြရမယ်။

www.burmeseclassic.com

www.burmeseclassic.com


လူချင်းခွဲရခွာရပေမယ့်လည်း မိခင်မေတ္တာကတော့ တစ်ရွေးသားကလေးမှ လျော့ပါးသွားမှာ မဟုတ်ပါဘူး သားတို့ သမီးတို့ရယ်။ ခွဲခွာရခြင်းရဲ့ ရည်ရွယ်ချက်ကို အောင်မြင်ဖြစ်ထွန်းအောင် ကြိုးစားကြရမှာပါ။ မိခင်က ခွဲနေရလည်း အဲသလိုပဲ နှလုံးသွင်းပါလိမ့်မယ်။ (အန်တီ့ နှလုံးသားထဲက ပုံရိပ်ပါ)။ 'ငါ ခုလို သားသမီးတွေနဲ့ အဝေးမှာ လှုပ်ရှားရုန်းကန်နေရခြင်းသည် ငါ့သား ငါ့သမီးတွေရဲ့ဘဝ ထူးချွန်တောက်ပလာဖို့အတွက်' လို့ ခံယူထားရှိပါလိမ့်မယ်။ မင်းတို့လေးတွေလည်း မိခင်ရဲ့ အဝေးမှာ မိခင်ဆန္ဒကို ဖြည့်ဆည်းနိုင်ကြဖို့ ကြိုးစားကြ ရလိမ့်မယ်။ မလွဲသာတော့ ခွဲခွာရမှာပဲ သားတို့ သမီးတို့ ရယ်။

◆

# အယူအဆမတူကြတဲ့မိဘ

သားတို့ သမီးတို့ရေ...။

အန်တီက မိခင်တစ်ယောက်ဆိုတော့ မိခင်နေရာ ကနေ ရေးပြရတာပေါ့နော်။ ဒါပေမဲ့ အန်တီ မမေ့ပါဘူး ကွယ်။ မင်းတို့လေးတွေမှာ ဖခင်ရှိနေတယ် ဆိုတာကို။ ဖခင်ဆိုတာလည်း အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ပဲလေ။ မင်းတို့ ရိုသေလေးစားကြရမယ်။ ဖခင်မှာလည်း ဖခင် တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာရှိနေမှာပဲ မဟုတ်လား။ မင်းတို့သွေးထဲမှာလည်း ဖခင်ရဲ့ ဗီဇတွေ ရှိနေကြ လေရဲ့။

အဖေနဲ့ အမေ တစ်မိုးအောက်မှာ အတူနေ ချစ်ခင် မြတ်နိုးစွာ လက်တွဲနားလည်မှုများနဲ့ ဖန်တီးထားတဲ့ စံအိမ်တစ်ခုမှာ မင်းတို့ နေထိုင်ရှင်သန်ခွင့်ရတယ် ဆိုရင် တော့ အင်မတန် ကံကောင်းတဲ့ ကလေးတွေပါပဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်မိုးအောက်မှာတော့ အတူနေခွင့်ရပါရဲ့၊ ဒါပေမဲ့ မိခင်နဲ့ ဖခင် အယူအဆချင်း မတူမျှကြလို့ ပဋိပက္ခတွေ ဖြစ်နေတယ် ဆိုရင်တော့ အဲဒီသားသမီးလေးတွေ စိတ်အခြေအနေ ယိမ်းယိုင်ရတာပေါ့။

ဒီနှစ်ယောက်ရဲ့ ဗီဇသွေးတွေ စုပေါင်းလို့ လူဖြစ်လာတဲ့ သားတွေ သမီးတွေခမျာ ကျွဲနှစ်ကောင်ခတ်တဲ့ ကြားက မြေဇာပင် ဖြစ်မှန်းမသိ ဖြစ်လာရတော့တယ်။ ကဲ...လူမမယ် လူငယ်ဘဝ ဘယ်လိုများ သုံးသပ် ဆုံးဖြတ်ကြပေါ့။

သားတို့ သမီးတို့ရေ၊ မင်းတို့အရွယ်နဲ့တော့ မညီမျှတဲ့ ကြိုးနှစ်စကို ချည်နှောင်နိုင်ဖို့ မလွယ်လှဘူးကွယ်။ ဘယ်သူသာတယ်၊ ဘယ်သူနာတယ်ဆိုတာကို ချင့်တွယ်ဖို့လည်း မဖြစ်နိုင်ဘူး။ ဒီတော့ အဖေလည်းမှန်စေ၊ အမေလည်း မှန်စေ၊ အဖေ့စကားလည်း နားထောင်၊ အမေ့စကားလည်း နားထောင်။ အဖေ့ကိုလည်း လိုတာဖြည့်၊ အမေ့ကိုလည်း လိုရာဖြည့်။

အဖေ့စကား အမေ့ဆီပို့၊ အမေ ဒေါသထွက်အောင်ပြော၊ အမေ့စကား အဖေ့ဆီပို့၊ အဖေခံပြင်းရအောင်ပြော၊ နှစ်ဖက်ကြားက သတင်းစကားပို့သူလုပ်ရင်တော့ မင်းတို့ပဲ စိတ်ဆင်းရဲရမှာ။ ဒါကြောင့် မျိုးသိပ်ကျင့်ကိုလည်း မွေးကြရလိမ့်မယ်။ ချဉ်ခြင်း ကိုယ်စီနဲ့ မာနချင်းပြိုင်နေကြတာမျိုးကို ကြိုးညှိမနေဘဲ



လွှတ်ပေးထားလိုက်ကြပေတော့။

အရေးကြီးတာက ကိုယ့်ဘဝကိုယ် တည်ဆောက်ဖို့ ကိုယ်ပိုင်ယုံကြည်မှုကို ခိုင်မာတဲ့အယူအဆဖြစ်အောင် ကြိုးစားဖို့။ ကိုယ်ကိုယ်တိုင်ကပါ ဇဝေဇဝါနဲ့ မိဘအယူအဆနှစ်ခုကြားမှာ ညပ်ပါသွားရင် ကိုယ်ပဲနစ်နာရမယ်။ ဘယ်မိခင် ဖခင်မှတော့ သားသမီးကို နစ်နာစေအောင် ပြုမူကြမယ်မဟုတ်ဘူး။ ဒါပေမဲ့ ဒီသားကတော့ အမေ့ဘက်ပါတယ်၊ ဒီသမီးကတော့ အဖေ့ဘက် ပါတယ်လို့ စွပ်စွဲမှုတွေတော့ ရှိလာမယ်။ ဒါကို ဝမ်းမနည်းဘဲ ခံနိုင်ရည်ရှိအောင် ကြိုးစားပေတော့ကွယ်။

မိခင်တစ်ယောက်နေရာက ပြောရရင်တော့ အန်တီတို့လည်း အဲသလို အတိုက်အခံ အယူအဆတွေနဲ့ အချင်းဘယ်များချင်ပါ့မလဲ။ သာယာချမ်းမြေ့တဲ့မိသားစုဘဝကို တည်ဆောက်ချင်တာပဲပေါ့။ ဘယ်မိန်းမသားကမှ အိမ်ထောင်တစ်ခုကို ပြိုကွဲ ပျက်စီးမသွားချင်ကြပါဘူး။ အထူးသဖြင့် မိခင်တွေက ပိုပြီး အလျှော့ပေးကာကွယ်ထိန်းသိမ်းကြမှာပဲ။

ဒါပေမဲ့ သားတို့ သမီးတို့ရေ ဘဝဆိုတာ ဖြစ်ချင်သလို ဖြစ်လာတတ်တာ မဟုတ်ဘူးလေ။ မင်းတို့လေးတွေလည်း ကိုယ်ဖြစ်ချင်တာ အစဉ်အမြဲ ဖြစ်မလာနိုင်တာ တွေ့နေရမှာပဲ။ ဒီတော့ အယူအဆချင်းမတူတဲ့ မိဘရဲ့ ပဋိပက္ခတွေကို ပညာသင်ဘဝမှ အတတ်နိုင်ဆုံး

www.burmeseclassic.com

www.burmeseclassic.com


ဥပေက္ခာရှုလိုက်ပါ။ ကိုယ့်အပေါ် မမကျလာဖို့ နေတတ်အောင် လေ့ကျင့်ယူပါ။ စိတ်ချထားဖို့က မိဘနှစ်ပါးစလုံးဟာ မင်းတို့ကို ချစ်ကြသူချည်းဖြစ်တယ်။ လူလားမမြောက်သေးတဲ့ ကလေးတွေအတွက် သူတို့ရဲ့ဆုံးဖြတ်ချက်တွေမှာ ထည့်တွက်ကြမှာပဲ။ 'သားသမီးတွေ ရှိနေတယ်'ဆိုတဲ့ အသိနဲ့ ထိန်းသွားကြလိမ့်မယ်။ နောက်ဆုံးပေါက်ကွဲကြသည်ဆိုဦးတော့ 'သားသမီးတွေအတွက်' ဆိုတာ သတ်မှတ်ကန့်သတ် ဆုံးဖြတ်ကြမှာပဲ။ ဖြစ်လာမှတော့ ဘယ်တတ်နိုင်ပါ့မလဲကွယ်။

မင်းတို့ဘက်ကသာ မေတ္တာမပျက်ကြဖို့ သတိထားပေတော့။

◆

## အကြောက်တရား

မိခင်ဟာ သားသမီးတွေနဲ့ ဖခင်ထက်ပိုပြီး နီးကပ်သူ ဖြစ်တယ်။ ယေဘုယျမိသားစုတွေမှာ ဖခင်ဟာ အိမ်ထောင်ဦးစီးဖြစ်တယ်။ ဖခင်ကို သားသမီးတွေက ချစ်ကြောက်ရိုသေရတယ်။ သားသမီးကို အလွန်အမင်း အလိုလိုက်တဲ့ဖခင်ဆိုတာ ရှားပါတယ်။ ရှိခဲ့ရင်လည်း အဲဒီသားသမီး ပျက်စီးဖို့ရာ ရာခိုင်နှုန်း ရှစ်ဆယ်ပေါ့။

မိခင်ကျတော့ သားတွေသမီးတွေက ရင်းနှီးကြတယ်၊ ပြောရဲ ဆိုရဲ ပူဆာရဲကြတယ်။ အမေဆူတာလောက်တော့ အပျော့ဆိုတဲ့ သားသမီးတွေ အများကြီးပေါ့။ ဟုတ်တယ်လေ။ အမေဆိုတာကတော့ ရင်နဲ့လွယ်မွေးခဲ့ရတာ၊ နာအောင်ကျင်အောင် ထုရိုက်ပုတ်ရဲသူ မဟုတ်ဘူး။ ရိုက်တာတောင်မှ ချဖွဖွ၊ အန့်တီကိုယ်တိုင်လည်း အဲသလိုမိခင်မျိုးဖြစ်တယ်။

www.burmeseclassic.com


ဒါနဲ့ပဲ မိခင်ကို သားသမီးက မကြောက်ကြတော့တာတွေ တွေ့နေရတယ်။ မိခင်ကို မကြောက်တော့လိမ်ရဲ၊ ညာရဲကြ၊ မထိမဲ့မြင်လုပ်ရဲလာကြတဲ့ ကလေးတွေကို မြင်လာရတယ်။ အန့်တီ တော်တော်ကြောက်သွားခဲ့တယ်။ ငါ့သားသမီးတွေ ငါ့ကို ကြောက်အောင်ဘာလုပ်ရမလဲလို့ အန့်တီ စဉ်းစားခဲ့တယ်။ ခက်တာကကိုယ်က ချစ်တာကိုး၊ ချစ်တော့လည်း နာအောင် မရိုက်မနှက်ရက်ပြန်ဘူး။

အန့်တီ့သားတွေက အဆော့မက်တယ်။ စာကျက်ချိန်ကို အိမ်ပေါ် မတက်ဘူး။ တီဗွီဂိမ်းနှိပ်တယ်။ ကာတွန်းဖတ်တယ်။ အစကတော့ အန့်တီရိုက်တယ်။ ဒါပေမဲ့ သူတို့ မနာတော့ မမှတ်ဘူး။ နောက်တစ်ချက်က အန့်တီကိုယ်တိုင်က သူတို့နားမှာ အချိန်ပြည့်ထိန်းကွပ်မနေနိုင်တာပဲ။ ဒီလိုနဲ့ အရွယ်ရောက် အတန်းကြီးလာတယ်။ အန့်တီဆုံးဖြတ်ချက်ချတယ်။ သားကြီးကို ဘော်ဒါပို့လိုက်တယ်။ တတ်နိုင်လွန်းလှလို့ မဟုတ်ပေမယ့် အကြောက်မရှိရင် ပညာရေးမှာ အနှောင့်အယှက် ဖြစ်တော့မယ်လေ။ အန့်တီ့ဘက်က ပို၍ ပို၍ရှာဖွေဖြည့်ဆည်းရတော့မှာပေါ့။

သားကြီးကို ဘော်ဒါပို့လိုက်တော့ သားငယ်ကဘက်ပွဲသွားတယ်။ စာအုပ်တွေ ပြန်ကိုင်လာတယ်။ သမီးကြီးရဲ့ သွင်ပြမှုကို ခံယူလာတယ်။ သူ အရွယ်ရောက်လာရင်လည်း စကားနားမထောင်ရင်တော့ဘော်ဒါသွားရမယ်လို့ ခြိမ်းခြောက်ရတော့တယ်။ ဒါဟာ သားသမီးရဲ့ အကြောက်တရားကို မခံယူရတဲ့ မိခင်တစ်ယောက်ဘဝတစ်ခုပါ။ တော်တော်ကလေးကိုပဲ ကြိုးစားပုံပိုးနေရတော့တယ်လေ။

သားတို့ သမီးတို့ရေ။

မင်းတို့ဘဝလေးတွေ ဘယ်လိုများလဲကွယ်။ မင်းတို့လည်း အမေကို မကြောက်ကြဘူးလား။ အမေကို မကြောက်တာတော့ အန့်တီလည်း အပြစ်မတင်လိုပါဘူး။ အမေက ကြောက်စရာမှ မကောင်းပဲ။ ဒါပေမဲ့ အမေက ချစ်စရာကောင်းတယ်နော်။ အမေကို ချစ်ကြတယ်မဟုတ်လား။ ဒါဆိုရင်တော့ အမေ့စကားကို နားထောင်ကြရလိမ့်မယ်ကွယ်။ အမေတွေကို ဝန်တွေပိအောင် ဖိမပစ်ကြမိစေနဲ့နော်။

အမေရဲ့မျက်ရည်ဟာ မင်းတို့ကြောက်တဲ့ ကြိမ်တစ်လုံးထက် အဆပေါင်းများစွာ ပြင်းထန်တယ်။ မိခင်မျက်ရည်တစ်စက်ဟာ သားသမီးအတွက် ဒုက္ခတံခါးတစ်ချပ်လို့ ဆိုကြတယ်။ မင်းတို့ သတိထားကြရမယ်။ အမေမျက်ရည်ကျမှာကို မင်းတို့ ကြောက်ကြရလိမ့်မယ်။ အမေကိုတော့ မျက်ရည်မကျစေချင်ပါဘူး။ ဒါပေမဲ့ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တာ ကစားမက်၊ အပျော်အပါးမက်၊ အပေါင်းအသင်းမက်၊ အသုံးအစွဲ

www.burmeseclassic.com

မက်လွန်းရင်တော့ အမေကို သောကနဲ့ ဒုက္ခပေးသလို ပါပဲကွယ်။ အမေ့ကိုချစ်ရင် အမေ မကြိုက်တာကို သတိထား ရှောင်ကြဉ်ကြပါ။

အမေမကြိုက်ဘူးဆိုတာဟာလည်း မင်းတို့အတွက် စိုးရိမ်လို့ပဲ။ အမေများ ချော့လိုက်ရင် အလွယ်လေး၊ ချွဲလိုက်ရင် ပြီးသွားမှာ၊ အမေဆူတာများ ပန်းနဲ့ပေါက် သလိုဆိုတဲ့ အမေ မကြောက်တရားကို လက်ကိုင်ထား ကြတာဟာ အမေ့အချစ်ကို အလေးအနက်မထားတဲ့ သဘောပဲ သားတို့ သမီးတို့ရေ။

ဆင်ခြင်ကြပေတော့ကွယ်။

◆



## အမေ့နာမည်

အမေဆိုတာ...

အားပေးတတ်သူတွေထဲမှာ အကောင်းဆုံးအားပေး ဖော်...

နှစ်သိမ့်တတ်သူတွေထဲမှာ အကောင်းဆုံး နှစ်သိမ့် ဖော်...

ပေးကမ်းတတ်သူတွေထဲမှာ အရက်ရောဆုံး ဒါန ပါရမီရှင်...

စိတ်ဓာတ်ကျနေသလား...

ကြေကွဲပူဆွေးနေသလား...

လိုအပ်ချက်တွေရှိနေသလား...

အမေ့ဆီလာခဲ့ပါ (ဒါမှမဟုတ်) အမေ့ကို ခေါ် လိုက်ပါ။

မနေ့ကပေါင်းများစွာကနေ ဒီကနေ့အထိ သားတို့ သမီးတို့ မပြည့်အိုးတွေကိုဖြည့်ဖို့၊ ပြည့်ပြီးသားအိုးတွေကို

www.burmeseclassic.com

www.burmeseclassic.com


လျှံနေစေဖို့ 'အမေ'ဆိုတာ ဖြစ်လာရတာ မဟုတ်လား။

အမေတစ်ယောက်အနေနဲ့ မကြွားစတမ်း ပြောရရင်–

ရင်သွေးတွေအတွက် ဖြည့်စွမ်းဖို့သက်သက် လူဖြစ်လာရတာကို အားမရချင်သေးသူပေါ့။

ဘာလိုသေးလဲ...

ဘာလုပ်ပေးရဦးမလဲ...

သားတို့ သမီးတို့တွေကသာ တောင်းဆိုလိုက်စမ်းပါ။

သံမဏိပန်းတွေ ဖူးပေးရမလား။

ဖတောင်းပန်းတွေပဲ ပွင့်ပေးရမလား။

အမေ မညည်းစတမ်း ဖူးပွင့်ပေးလိမ့်မယ်။

မိခင်တစ်ယောက်ရဲ့ ရှင်သန်လှုပ်ရှားခြင်း ယန္တရားဟာ 'သားသမီးစိတ်'ဆိုတဲ့ အင်ဂျင်တစ်လုံးတည်းနဲ့ မောင်းနှင်လည်ပတ်နေတာ ဖြစ်ပါတယ်။

'ပေးပါ'လို့ တောင်းဆိုလည်း...

'မပေးပါနဲ့'လို့ ငြင်းဆိုလည်း...

အဲဒီယန္တရားရဲ့ လည်ပတ်မှုဟာ အသက်မဲ့သွားမှာမဟုတ် ပါဘူး။

လောကကြီးမှာ 'စုန်ရေ'ကို ထပ်တူထပ်မျှပြပြီး အကောင်းဆုံး သက်သေပြသွားနိုင်သူတွေဟာ 'အမေ' များပဲ ဖြစ်ပါတယ်။

လူသားရာဇဝင်မှာ လူတိုင်း လူတိုင်း စွမ်းသလောက်၊ နိုင်သလောက် လုပ်ဆောင်သွားနိုင်ကြတယ်ဆိုပေမယ့် အမေတစ်ယောက်လို ဖြည့်စွမ်းပေးနိုင်ခဲ့တဲ့၊ အမေတစ်ယောက်လောက် စွန့်စားနိုင်ခဲ့တဲ့ 'သူ့ရဲကောင်းနဲ့ပါရမီရှင်' လူသားမျိုးကို မကျော်လွှားနိုင်ရိုး အမှန်ပါ။

သားသမီးတွေရဲ့ အလင်းလက် အတောက်ပဆုံးအပိုင်းမှာ အမေနေရာ ဝင်မယူချင်ရင်သာ ရှိရမယ်။ မှောင်မိုက် လမ်းပျောက်နေတဲ့ သားသမီးတွေအတွက်တော့ အတောက်ပဆုံး အလင်းရောင်နဲ့ အကောင်းဆုံးလမ်းတွေကို ကိုယ်တိုင်အလောင်ကျွမ်းခံပြီး ထွန်းညှိမယ့်သူ။ ကိုယ့်ကျောကို လမ်းခင်းပြီး နင်းလျှောက်သွားစေနိုင်သူ ဖြစ်တယ်။ ကဲ... ဘယ်သူတွေများ ဒီလောက် စွန့်လွှတ် စွန့်စားရဲကြသလဲ သားတို့ သမီးတို့ရေ။

သားသမီးတွေ စွန့်ခွာသွားလို့ တစ်လမ်းသွားကြကြမှာနဲ့ ရင်နာကျန်ရစ်ခဲ့ရလည်း အမေဆိုတာ အမေနေရာမှာ အမေ့ဂုဏ်အင်္ဂါတွေနဲ့ မဆုတ်မနစ်စတမ်း ခိုင်မြဲကျန်နေဆဲပါပဲ။

အမေဆိုတာ ရိတ်သိမ်းဆွတ်ခူးဖို့အတွက် လူဖြစ်ခဲ့တာ မဟုတ်ဘူး။ ပြုစုပျိုးထောင်ဖို့အတွက်သာ လူဖြစ်ခဲ့ရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အမေဆိုတာ အမြင့်ဆုံးမှာ နေရာယူဖို့အတွက် လူဖြစ်လာတာ မဟုတ်ပေမယ့် အမေ့ရဲ့နေရာဟာ အမြင့်ဆုံးရဲ့ အမြင့်ဆုံးမှာ ရှိနှင့်နေပြီးသားပါပဲ။

အမေ့ရဲ့နာမည်ဟာလည်း သားတွေ သမီးတွေက တိုက်ရိုက် ဆေးကြောပေးမှ မဟုတ်ဘဲ အမေဆိုတဲ့ သဘာဝကပဲ အမေ့ရဲ့ နာမည်ကို ထင်ရှားစေခဲ့တာ ဖြစ်တယ်။

အမေက 'အမေ'အဖြစ် နာမည်ရပြီးသားပဲလေ။

◆



# အမေ့ဒေါသ

အမေဆိုတာလည်း တစ်ချိန်တုန်းက သမီးတစ်ယောက် ဖြစ်ခဲ့ဖူးတာပါပဲ။

ဒီတော့ သားသမီးတွေရဲ့ အရိပ်အကဲ၊ အတွေးအကြံ၊ ဆန္ဒ၊ လိုအပ်ချက်မှန်သမျှ အထူးတလည် စေ့ငုကြည့်ရှုစရာ မလိုအောင်ဘဲ ဖြည့်ဆည်း တည့်မတ်ပေးနိုင်ဖို့ အသင့်ရှိနေသူဖြစ်တယ်။

အမေ ဖြတ်သန်းခဲ့တဲ့ သမီးတစ်ယောက်ရဲ့ ဘဝအတွေ့အကြုံတွေဟာ မိခင်ဘဝရောက်တဲ့အခါ သားတွေ သမီးတွေအတွက် အကောင်းဆုံး သင်ခန်းစာတွေ ဖြစ်လာခဲ့ပြီလေ။

အမေ သမီးတစ်ယောက်ဘဝက မှားခဲ့ဖူးတဲ့ အမှားတစ်ခုဟာ သားတို့ သမီးတို့ဘဝမှာတော့ ဘယ်သောအခါမှ မှားရလိမ့်မယ် မဟုတ်တော့ဘူး။ မှားခွင့်လည်း မပြုနိုင်တော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ခါးသီးတဲ့ အတွေ့အကြုံမျိုး သားသမီးတွေကို မကြုံဆုံစေချင်တော့ လေအေးလေးနဲ့ ဖျောင်းဖျမယ်။ မရတဲ့အခါ နည်းနည်းမာလာမယ်။ အဲဒါမှ မရတဲ့အခါ ခပ်ကြမ်းကြမ်း ကိုင်တွယ်ရတော့မယ်။ အရိုက်ကြမ်းတဲ့ မိခင်တွေက အများကြီးရှိလေရဲ့၊ သားသမီးကိုများ မညှာမတာ ရိုက်ရက် ပြောရက်လေခြင်းရယ်လို့ တစ်ဖက်သတ်အမြင်နဲ့ အထင်မှားလို့ မဖြစ်ဘူးနော်။

အဲဒါ ဒေါသ၊ အမေတစ်ယောက်ရဲ့ ဒေါသပေါ့။

သားသမီးတွေကို ကိုယ်လိုမမှားစေချင်၊ ကိုယ့်လို မခံစားရစေချင်လို့ ကိုယ်နဲ့နှိုင်းယှဉ်ပြီး တားမြစ်ပိတ်ပင်ရတဲ့အခါ အဲဒီ ဒေါသဆိုတာ ပါလာတော့တာပဲ။ ဒါပေမဲ့ သားတို့ သမီးတို့ရယ်၊ အဲဒီဒေါသမှာ စေတနာအပြည့်ပါပါတယ်။ ကရုဏာတရားနဲ့ ယှဉ်ပြီး ဖြစ်လာခဲ့တဲ့အတွက် ကရုဏာဒေါသဆိုလည်း မမှားပါဘူးကွယ်။

အမေ့ရဲ့ စေတနာပြည့်ဝသော ကရုဏာဒေါသကို သားတို့ သမီးတို့ လက်ခံနိုင်ဖို့ ကြိုးစားကြရလိမ့်မယ်။ ငါတို့အကျိုးအတွက် ပြောနေတာပါလားဆိုတာ မင်းတို့ သိဖို့ အရေးကြီးတယ်။ အမေတွေရဲ့ ကရုဏာဒေါသတွေဟာ ကိုယ်ချင်းစာတရားနဲ့ မေတ္တာတရားကို ကိုယ်စားပြုတာမို့ ခံယူရလို့လည်း ဝမ်းနည်းစရာ မရှိပါဘူး။

စာသင်ကျောင်းနဲ့ လောကကြီးထဲမှာ မသင်ကြားရတဲ့ သင်ခန်းစာတွေဟာ အမေတွေရဲ့ရင်ထဲမှာ အပြည့်အနှက် ရှိနေကြလေရဲ့။ ပြဋ္ဌာန်းချက်စာအုပ်ရယ်လို့ မရှိပေမယ့် အမေ့မေတ္တာတရားရဲ့ ပြဋ္ဌာန်းချက်ဟာ သားတွေ သမီးတွေအတွက် ဆရာကောင်းတစ်လက်ပဲ ဖြစ်တယ်။ မိခင်ရဲ့ ကရုဏာဒေါသဟာလည်း ကိုယ့်သွေးနဲ့ စတေးခဲ့ရတဲ့၊ ကိုယ့်အသက်နဲ့ လဲထပ်ခဲ့ရတဲ့ ရင်မှဖြစ်သော ရင်သွေးများအတွက် တစ်ဖက်သတ် စီးဆင်းပေးနေတဲ့ မေတ္တာမြစ်တစ်စင်းရဲ့ နက်ရှိုင်းပြည့်ဝခြင်းမျိုးနဲ့ ဖြစ်လာရတာပါပဲ။ တာဝန်ဝတ္တရားဆိုတဲ့ အသိစိတ်ဖိအားကြောင့် ဖြစ်လာရတာ မဟုတ်ပါဘူးကွယ်။

'ဒေါသရှေ့ထားရင် မှားတတ်တယ်'ဆိုတဲ့အထဲမှာ အမေ့ရဲ့ ဒေါသဆိုတာ မပါဘူးနော်။ အမေ့ဒေါသဟာ အပြုသဘောဆောင်တယ်။ အပေါင်းလက္ခဏာ ဖြစ်တယ်။ အပျက်အစီး အလေအလွင့် နည်းနိုင်သမျှ နည်းစေတယ်။ ခေတ်ရဲ့ယဉ်ကျေးမှုမျက်နှာစာမှာ သားတွေ သမီးတွေ အခိုင်အမာရပ်တည်နိုင်ခဲ့တာဟာ အမေတွေရဲ့ ကရုဏာဒေါသ အတိပြီးတဲ့ ပဲ့ပြင်ခြင်းများကြောင့်ပေါ့ကွယ်။

လောကကြီးမှာ အမေတွေရှိနေသမျှ မေတ္တာတရားတွေ ရှိနေလိမ့်မယ်။ အဲဒါကြောင့် အကြင်နာတရား

www.burmeseclassic.com

တွေလည်း ရှိလာနေလိမ့်မယ်။ ဒီတော့ ကရုဏာ ဒေါသ ဆိုတာလည်း ရှိနေဦးမှာပါပဲ သားတို့ သမီးတို့ရေ။ အမေ့ရဲ့ ကရုဏာဒေါသကို အဖန်ဖန် အခါခါ လက်ခံ ရရှိလေလေ သားတို့ သမီးတို့အတွက် အောင်မြင်မှု အသီးအပွင့်တွေ ပိုပြီး ရင့်မှည့်လာလေလေ ဆိုတာ နားလည်ကြပေတော့။

'အမေ့မျက်ရည်တစ်စက်၊ သားသမီးဆင်းရဲ တစ်သက်'လို့ ဆိုကြရင် အန်တီကတော့ 'အမေ့ကရုဏာ ဒေါသ တစ်ချက်ဟာ သားသမီးတွေ တစ်သက်ချမ်းသာ ရဖို့အတွက်ပဲ'လို့ ဆိုချင်ပါတယ်။

အမေ့ဒေါသကို နားလည်ကြပါကွယ်။

◆

www.burmeseclassic.com



## ရင်ခွင်၊ ပုခက်၊ နို့ရည်စက်များနဲ့ လူသားပြယုဂ် အမေ

ကောင်းကင်ကြီးတစ်ခုလုံးရဲ့ လွှမ်းမိုးမှုအတိုင်း အတာဟာ ကျယ်ဝန်းကောင်း ကျယ်ဝန်းခဲ့တယ်ဆို တောင်မှ အမေ့ရင်ခွင် လက်နှစ်ဝါးစာလောက်တော့ လုံခြုံမှုရှိချင်မှ ရှိလိမ့်မယ် သားတို့ သမီးတို့ရေ။

'ရင်ခွင်'...တဲ့။

ကျယ်ဝန်းဖို့ လိုအပ်လာရင် ကောင်းကင်ကြီးလို ဖြစ်သွားနိုင်ပြီး လုံခြုံဖို့ လိုအပ်လာရင်လည်း ပိုက်ကွန် သဖွယ် ဖြစ်ပေးနိုင်ခဲ့တဲ့ အမေ့ရင်ခွင်ဟာ သားတို့ သမီးတို့ လိုတာရစေတဲ့ ဣစ္ဆာသယလွင်ပြင်ကြီးတစ်ခု ပါပဲ။

လဲလျောင်း၊ နားနေ၊ ဖြတ်ပြေး အမေ နည်းနည်း လေးမှ မညည်းညူဘူး။

www.burmeseclassic.com

www.burmeseclassic.com

ချူးယူ၊ သုံးစွဲ၊ ဆောင်ကြဉ်း အမေ လုံးလုံးမငြီးငြင်ဘူး။

တိုက်စား၊ ဖဲ့ခြွေ၊ စီးဆင်း အမေ လားလားမှ မတုန်လှုပ်ဘူး။

'အမေ'

မြန်မာလို အမေ။ ပါဠိလို မာတာလို့ အဓိပ္ပာယ်ရတဲ့ ဖြူစင်မြင့်မြတ်မှုအပေါင်းတို့ရဲ့ မာတာမိခင်ကြီးတစ်ပါး အမေ။

ဘာသာများစွာနဲ့ အခေါ်အဝေါ်ပေါင်းများစွာသာ ကွဲပြားခဲ့လိမ့်မယ်။ အမေဆိုတာကတော့ သားသမီးတို့အတွက် တစ်ခုတည်းသော ကမ္ဘာကြီးပါပဲ။ အမေ့စိတ်၊ အမေ့စေတနာ၊ အမေ့မေတ္တာတွေနဲ့ တည်ဖွဲ့ထားတဲ့ အဲဒီကမ္ဘာကြီးကို ပုခက်တစ်ခုလို ဖန်ဆင်းပြီး လွှဲခဲ့တာမို့ အမေတို့လက်တွေဟာ နေရာတကာမှာ နေရာရှာစရာမလိုဘဲ လူသားစစ်စစ် ဘွဲ့သရဖူကို သူ့အလိုလို ရယူနိုင်ခဲ့ပြီးပါပြီ။

အတိတ်ကံကြောင့်လား

ပစ္စုပ္ပန်ကံကြောင့်လား

ဘုန်းသမ္ဘာကြောင့်လား

တိုက်ယူခဲ့တာလား

ခိုးယူခဲ့တာလား

ဝှက်ယူခဲ့တာလား



ဘယ်လိုအကြောင်းတရားမျိုးနဲ့မှ ရရှိလာတဲ့ အကျိုးတရား မဟုတ်ပါဘူး။ 'လူသားစစ်စစ် ဘွဲ့သရဖူ'ဟာ အမေတို့အတွက်သာလျှင် သီးသန့်ထားရှိ ဖြစ်တည်ခဲ့တဲ့ လောကကြီးရဲ့ လက်ဆောင်မွန်သာ ဖြစ်ပါတယ်။ အဲဒီလို သီးသန့်ထူးခြားမှုနဲ့ မြင့်မြတ်နေတဲ့ အမေတို့ ဂုဏ်ပုဒ်အတွက် လုံလောက်တဲ့ ဂုဏ်ပြုခြင်းမျိုးကို ဒီကမ္ဘာကြီးရဲ့ ဘယ်နေရာမှာမှ ရှာလို့မရကြသေးပါဘူး။

ဒီကြီးကျယ်ပုံမျိုး

ဒီမြင့်မြတ်ပုံမျိုး

ဒီခမ်းနားခြင်းမျိုးဟာ 'ကျေးဇူး'ဆိုတဲ့ စကားနဲ့လည်း မလုံလောက်ပါဘူး။ 'အထိမ်းအမှတ် ကျောက်စာတစ်တိုင်'လောက်နဲ့လည်း မော်ကွန်းထိုးလို့ မရပါဘူး။

မေတ္တာတရားရဲ့ အမြုတေ 'အမေ'

စေတနာတရားရဲ့ ဗဟိုချက် 'အမေ'

လူသားတွေရဲ့ ဥယျာဉ်မှူး 'အမေ'

ဘဝတစ်ခုအနေနဲ့ သာမန်နေထိုင်သေဆုံးခဲ့ပေမယ့် တန်ခိုးရှင်တစ်ဦးအနေနဲ့တော့ စကြဝဠာတိုက် တစ်သောင်းထိအောင် 'အမေ'ဆိုတဲ့ နာမည်ကို ရေးထိုးသွားတဲ့ အမေ။ ဘုရင်မကြီးကနေ သူဖုန်းစားမကြီးအထိ မာတာမိခင် ကျေးဇူးရှင် အမေဆိုတဲ့ ဂုဏ်သိက္ခာပလ္လင်ထက်မှာ တင့်တယ်စွာ စံမြန်းနိုင်ခဲ့တဲ့ အမေ။

www.burmeseclassic.com

www.burmeseclassic.com



ပုခက်တွင်းကနေ သချိုင်းမြေ မရောက်မီစပ်ကြား အရေးအရာ ကြုံကြိုက်လေတိုင်း တရှိုက်မက်မက် တတမ်းတတ အော်ဟစ် မြည်ကြွေးခဲ့ရတဲ့ အမေ။

ချိုအေးကြည်လင်တဲ့ နို့ရည်စက်လေးတွေအဖြစ် ပြောင်းလဲပေးနိုင်ခဲ့တဲ့ အမေတို့ရဲ့ နှလုံးသွေးတွေဟာ သားတွေ သမီးတွေဆီမှာ ထက်အောက်ဝဲယာ စုန်,ဆန် စီးဆင်းနေလိုက်တာများ ကြက်သီးထလောက်စရာ။

ဒါ–အလှတရား

ဒါ–သစ္စာတရား

ဒါ–အကြင်နာတရား

ဒါဟာ အားလုံးသော အနန္တတရားတို့ရဲ့ အစပြုတာ မြစ်ဖျားပါပဲ။

ဒါဟာ ရင်ခွင်၊ ပုခက်၊ နို့ရည်စက်များနဲ့ လူသားပြယုဂ် အမေများရဲ့ ချစ်ခြင်းမေတ္တာ သရုပ်ဖော်စာစုများ ဖြစ်ပါတယ်။

အန်တီ့ရဲ့အမေ ဒေါ်စန်းစန်းဝင်းနဲ့ အမေများစွာကို ဂုဏ်ပြုလိုက်ပြီး–

အန်တီ့ရဲ့ သားသမီးတွေဖြစ်ကြတဲ့–

ချမ်းမြေ့သူ

အေးချမ်းမိုး

ပြေငြိမ်းချမ်း

ချမ်းစိမ့်စိမ့်ချမ်း



အပါအဝင် သားများစွာ၊ သမီးများစွာတို့ ဂုဏ်ပြု တတ်ကြစေဖို့ ရည်ညွှန်းပို့သလိုက်ပါတယ်။

'မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာ'...တဲ့နော်။

သားတိုင်း သမီးတိုင်း ဂုဏ်ယူနားလည် ခံစား တတ်ကြပါစေ။

ဖြိုးသာရ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေ ဘယ်လိုဖွဲ့ဖွဲ့
ဘယ်သူတွေ ဘယ်လိုရေးရေး
အမေ့ 'နာမည်' သေးသေးလေးက
ကမ္ဘာအနှံ့ ပျံ့ပြီးသားပါ အမေ...။

BURMESE CLASSIC

www.burmeseclassic.com